
# နန္ဒကျော်သူ

## နောင်ကြိုးမဲ့ပေဗ္ဗာ



ပ+ဒု
ဇာတ်သိမ်း

ဝမ်အင်း၏ ကွေ့ရှမ်း

နန္ဒကျော်သူ

# နှောင်ကြိုးမဲ့မေတ္တာ

(ဒုတိယပိုင်းဇာတ်သိမ်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်
…သွားပြီဖြစ်လေသည်။

ထင်းစန်းတောင်ခြေရှိ တောအုပ်ထဲ၌အမှောင်ထုက ကြီး
…စိုးနေ၏။

ဇီးကွက်အော်သံ ပုရစ်အော်သံများ ထွက်ပေါ်နေသည်။
ညမွှေးပန်းရနံ့များသည် သင်းပျံ့နေသည်။

ညဘက်အစာရှာထွက်လာသည့် တိရစ္ဆာန်လေးတစ်ကောင်
…ရှိသောမျက်လုံးအစုံကိုတွေ့လိုက်ရသဖြင့် ဓမဟွားက ခြေ
…ရပ်လိုက်လေသည်။

သူမ၏ လှုပ်ရှားမှုကြောင့် ထိုတောတိရစ္ဆာန်လေးမှာ
…ဝေးသို့ ထွက်ပြေးသွားလေသည်။

မေဟွား သက်ပြင်းချလိုက်သည်။

ရှေ့ဆက်လှမ်းသွားလိုက်လေသည်။

သစ်ပင်ချုံနွယ်ကြားမှ ကွေ့ပတ်ကာ ဖြတ်သန်းသွား
အတန်ကြာလျှင် ရှမ်းကုန်းချင်းနေထိုင်သည့်ဝါးအိမ်က
နှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားလေသည်။

ဝါးအိမ်ကလေးမှ ထွက်ပေါ်နေသော မီးရောင်များ
တွေ့မြင်နေရလေသည်။

မေဟွားက ဝါးအိမ်ကလေးကို အကဲခတ်ကြည့်နေ
မှာပင်....

'ဟူး....ဟူး... ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်
ကြားလိုက်ရလေသည်။

မေဟွား ရင်ထိတ်သွားသည်။

သတိထားပြီးပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်
သည်။

အမှောင်ထုကြီးစိုးနေသည်မို့ သဲသဲကွဲကွဲ တွေ့မြင်
တော့ မရှိပါချေ။



သို့သော်....

အမှောင်ရိပ်ထဲ၌ လူရိပ်အချို့လှုပ်ရှားသွားသည်ကိုတော့
[သူမ] သတိပြုမိလိုက်လေသည်။

'ဘယ်သူတွေပါလိမ့်'

သူမ တွေးတောနေစဉ်မှာပင်....

'မြန်မြန်လာ'

မသဲမကွဲစကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်
ရ၏။

ထို့နောက်....

သစ်ပင်ချုံနွယ်များအား တိုးဝှေ့ပြေးလွှားသွားသော
[အ]သံများ ထွက်ပေါ်လာသည်။

မေဟွားက မလှုပ်မယှက်နေလိုက်လေသည်။

ရုတ်တရက်မို့ မည်သို့ပြုလုပ်ရမှန်းမသိ၍ငြိမ်နေလိုက်ခြင်း
ဖြစ်လေသည်။

လှုပ်ရှားသံများသည် တစ်စထက်တစ်စ ဝေးသွားပြီး
နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

မေဟွား သက်ပြင်းချလိုက်သည်။

ထူးခြားမှု တစ်ခုခုရှိနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့်...

ရှမ်းကုံးချင်းအား တွေးမိကာ စိတ်ပူလာပြီး ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ထိုစဉ်မှာပင်....

'ပဲ...ပဲ'

ဆိတ်အော်သံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင်....

'အစ်ကို...အစ်ကို ဘယ်မှာလဲ'

ရှမ်းကုံးချင်း၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

မေဟွား ရင်ထိတ်သွားလေသည်။



သူမသည် တုံ့ဆိုင်းမနေတော့ဘဲ လှစ်ခနဲပြေးထွက်သွားလိုက်လေသည်။

ဤတွင်....

တစ်ဟုန်ထိုးပြေးလာသည့် ရှမ်းကုံးချင်းနှင့် ဝင်တိုက်မိမလို ဖြစ်သွားလေတော့သည်။

'ဘယ်သူလဲ'

ရှမ်းကုံးချင်းသည် အောင်ပေါက်ရင်းက လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

မေဟွားက နောက်သို့ခုန်ဆုတ် လိုက်လေသည်။

'သခင်မလေး လူမှားမယ်'

ဟုလည်း အော်ပြောလိုက်လေသည်။

'ဟင်'

ရှမ်းကုံးချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူသည် မေဟွား၏အသံကို ချက်ချင်းမှတ်မိသွားသည်။

မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'ဒေါ်လေး'

ဟု ခေါ်လိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်ပါ'

မေဟွားက ရှေ့တိုးလိုက်လေသည်။

ရှမ်းကုံးချင်းနှင့် မေဟွားတို့ တွေ့ဆုံမိလိုက်ကြပြီဖြစ်လေသည်။

ရှမ်းကုံးချင်းက မကျေမနပ်ဖြင့်....

'ဒေါ်လေး၊ ဘယ်လို လုပ်လိုက်တာလဲ၊ ဒီလိုလုပ်ဖို့ မကောင်းပါဘူး'

ဟု ပြောလိုက်လေသည်။

မေဟွားက....

'သခင်မလေး ဘာဖြစ်လို့လဲ၊ ကျုပ်ကဘာတွေများလုပ်လို့လဲ၊ ပြောစမ်းပါဦး'

ရှမ်းကုံးချင်းက....

'ဒေါ်လေး၊ အစ်ကိုယင်ကျောင်းဘယ်မှာလဲ'

ဟု မေးလေသည်။



မေဟွား ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'သခင်မလေး၊ ဘာပြောတာလဲ'

'အစ်ကို့ကို ဒေါ်လေးဖမ်းသွားတယ်မဟုတ်လား'

'ဟင်'

မေဟွား ချက်ချင်းခေါင်းခါယမ်းလိုက်လေသည်။

'မဖမ်းပါဘူး၊ ဘာဖြစ်လို့လဲ'

'အစ်ကို ပျောက်ဆုံးသွားပြီ'

'ဒါဟာ....'

မေဟွားသည် လမ်း၌ကြားခဲ့ရသော စကားသံ၊ လှုပ်ရှားသံနှင့် အဝတ်အစား လေတိုးသံများကို သတိရလာလေသည်။

ရှမ်းကုံးချင်းက....

'ကျွန်မကအိမ်ပြန်ဘူးဆိုတာနဲ့ ဒေါ်လေးတို့က အစ်ကို့ကို ဖမ်းဆီးလိုက်ကြတာမဟုတ်လား၊ ကျွန်မကို ဒီလိုအကျပ်ကိုင်ဖို့မကောင်းပါဘူး'

မေဟွား ခေါင်းခါယမ်းလိုက်လေသည်။

'သခင်မလေးမှားနေပြီ၊ ကျုပ်က သခင်မလေးရဲ့ အခြေအနေကို အကဲခတ်ကြည့်ဖို့လာခဲ့တာပါ၊ ခုမှ ဒီနေရာကိုရောက်လာတာပါ'

ရှမ်းကုံးချင်းက....

'ဒါဖြင့် ဦးလေးအိုရန်ကော'

'သူက အိမ်ပြန်သွားပြီ'

'ဟင်... ဒါ....ဒါဆို'

ရှမ်းကုံးချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

မေဟွားက လက်ကာပြလိုက်လေသည်။

'သခင်မလေး၊ သူ့အပေါ် အထင်မမှားပါနဲ့၊ သူဟာ သခင်ကြီးဆီကို အကျိုးအကြောင်း သွားပြောပြတာပါ၊ ကျုပ်က သခင်မလေးကို စောင့်ကြည့်ဖို့နေခဲ့တာပါ၊ သခင်မလေးရဲ့ကိစ္စကို သခင်ကြီးကပဲဖြေရှင်းပေးနိုင်တော့မှာမို့ ဒီလို လုပ်ရတာပါ'

ရှမ်းကုံးချင်းက....



'ဒါဖြင့် ဦးလေးနဲ့ဒေါ်လေးက အစ်ကို့ကို ဖမ်းထားကြတာမဟုတ်ဘူးပေါ့'

မေဟွားက....

'ကျုပ်တို့ဟာ သခင်မလေးအတွက် စိုးရိမ်နေကြပေမယ့် သခင်မလေးစိတ်ဆင်းရဲအောင် ဘယ်တော့မှလုပ်ကြမှာမဟုတ်ပါဘူး'

ရှမ်းကုံးချင်းက....

'ဒါဖြင့် အစ်ကို့ကို ဖမ်းခေါ်သွားကြတာ ဘယ်သူတွေလဲ'

'သူက အဖမ်းခံလိုက်ရတယ် ဟုတ်လား'

'ဟုတ်တယ်'

ရှမ်းကုံးချင်းသည် ဆိတ်အော်သံ ကြားရသဖြင့် ထွက်ကြည့်ရာမှ ယင်ကျင်း ပျောက်ဆုံးသွားသည့် အကြောင်းကို ရှင်းပြလိုက်လေသည်။

မေဟွားမျက်လုံးပြူးသွားပြီး....

'ကျုပ်ဒီကိုလာတုန်း လမ်းမှာ စကားပြောသံ၊ ပြေးလွှားသံတွေကြားခဲ့ရတယ်၊ အဲဒါ ယင်ကျင်းကို ဖမ်းခေါ်သွားကြသူတွေပဲဖြစ်မယ်'

ရှမ်းကုံးချင်းက...

'သူတို့ဘယ်မှာလဲဟင်'

'အရှေ့ဘက်ကို ထွက်သွားကြတယ်'

ရှမ်းကုံးချင်းသည် ဘာမှမပြောတော့ဘဲ အရှေ့ဘက်သို့ ဦးထည်ကာ တစ်ဟုန်ထိုး ပြေးသွားလိုက်လေတော့သည်။

'သခင်မလေး၊ နေဦးလေ'

မေဟွားသည် အော်ပြောရင်း ပြေးလိုက်သွားရလေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကောင်းကင်ပေါ်တွင် လဝန်း ထွက်ပေါ်လာသည်။

ကြယ်ကလေးများလည်း ဝင်းလက် တောက်ပလာလေသည်။



ကြယ်ရောင်လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်လာသည်။

ကြည်လင်သာယာ လာလေသည်။

ရှမ်းကုံးချင်းနှင့် မေဟွားတို့သည် လရောင်ကို အားပြုကာ တောအုပ်ထဲ၌ ယင်ကျင်းအား လိုက်လံရှာဖွေကြလေသည်။

ယင်ကျင်းသည် ကိုယ့်သဘောနှင့်ကိုယ် ထွက်ပြေး ရှောင်တိမ်းသွားခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံနေရခြင်း ဖြစ်သည်ဟု ယုံကြည်သွားကြလေသည်။

ထို့ကြောင့် သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြခြင်း ဖြစ်လေသည်။

လရောင် ထွက်ပေါ်လာသဖြင့် သူတို့အတွက် ပိုပြီးခရီးတွင်လာသည်။

ရှမ်းကုံးချင်းသည် ယင်ကျင်းနှင့်အတူ တောအုပ်ထဲ၌ နေခဲ့သည်ဖြစ်၍ တောအုပ်အကြောင်းကို ကျွမ်းကျင်နေပြီဖြစ်ပါသည်။

သူမသည် ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်ပြီး တောအုပ်ထဲသို့ရောက်လာသူများသည် စမ်းချောင်းလေးဘက်သို့ ထွက်သွားခြင်းဖြစ်ကြောင်း ဆင်ခြင်မိလိုက်လေသည်။

ထို့ကြောင့် စမ်းချောင်းလေးဆီသို့ ဦးတည်ပြေးသွားလိုက်သည်။

မေဟွားကလည်း လိုက်သွားလေသည်။

စမ်းချောင်းလေးအနီးသို့ရောက်လျှင် သူတို့၏ ယူဆချက်မှန်ကန်နေကြောင်း သိလိုက်ရလေသည်။

စမ်းချောင်းလေး၏ ကမ်းစပ်မြေပျော့တွင် ခြေရာများထင်ကျန်နေသည်ကို တွေ့ရလေသည်။

မေဟွားက ကျွမ်းကျင်စွာဖြင့် ခြေရာကောက်လိုက်လေသည်။

'ဒီနေရာကို လူငါးယောက်ရောက်လာကြတယ်၊ သူတို့ဟာ လေးပင်တဲ့ပစ္စည်းတစ်ခုကို သယ်ဆောင်လာခဲ့ကြတယ်၊ စမ်းချောင်းကလေး တစ်ဖက်ကမ်းကို ဖြတ်ကူးသွားကြတယ်'

ရှမ်းကုံးချင်းက....

'ဒါဖြင့် လိုက်သွားဖို့ပဲရှိတာပေါ့'



သူမသည် စမ်းချောင်းလေးကို ချက်ချင်းဖြတ်ကူးလိုက်လေသည်။

မေဟွားကလည်း လိုက်သည်။

တစ်ဖက်ကမ်းသို့ ရောက်သွားကြပြီး ခြေရာခံကာ ဆက်၍လိုက်သွားကြရာ မိုးစင်စင်လင်းသွားသောအခါ တောအုပ်အပြင်ဘက်သို့ ရောက်ရှိသွားကြလေသည်။

ခြေရာများသည်း ပျောက်ကွယ်သွားပြီး မြေပေါ်၌ မြင်းလှည်းဘီးရာများကို တွေ့ရလေသည်။

မေဟွားက....

'ဒီနေရာမှာ မြင်းလှည်းတစ်စီးကရပ်ပြီး စောင့်နေခဲ့တယ်၊ ယင်ကျင်းကိုဖမ်းခေါ်လာသူတွေ ရောက်လာတာနဲ့မြင်းလှည်းနဲ့ သယ်ဆောင်သွားပုံရတယ်'

ဟုရှင်းပြလေသည်။

ရှမ်းကုံးချင်းက အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်လေသည်။

ထိုအခါ....

အတော်ဝေးဝေးတွင် မြို့တစ်မြို့ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှမ်းကုန်းက....

'သူတို့ အဲဒီမြို့ကိုသွားကြတာပဲဖြစ်မယ်'

ဟု ရေရွတ်လိုက်လေသည်။

မေဟွာ။ ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သူတို့သွားဖို့ ဒီတစ်လမ်းပဲရှိတယ်'

ရှမ်းကုန်းချင်းက....

'ဒါဖြင့် သွားကြရအောင်'

'ကောင်းပြီ'

သူတို့သည် တွေ့မြင်နေရသောမြို့ဆီသို့ ဦးတည်ကာ ပြေး လွှားသွားကြပြန်လေသည်။

* * *

ကြက်ငါးကောင်

မိုးစင်စင်လင်းပြီဖြစ်သည်။

နံနက်ခင်း နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပကာ မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေပါ တော့သည်။

ရှမ်းကုန်းချင်းနှင့်မေဟွာ:တို့သည် ဟိုဟိုသည်သည် အကဲ ခတ်ကြည့်ရင်း မြို့ထဲသို့ ဝင်ရောက်လာခဲ့ကြလေသည်။

သူတို့သည် ယင်ကျင်းအား ဖမ်းဆီးခေါ်ဆောင်သွား သောမြင်းလှည်းအား ရှာဖွေလိုက်ကြပါသော်လည်း မသက်ာ ဖွယ်ကောင်းနေသည့် မြင်းလှည်းတစ်စီးတလေမှ မတွေ့ရ ပါချေ။

မြို့ကယ် လမ်းဆုံလမ်းခွသို့ရောက်သောအခါ နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြလေသည်။

ရှမ်းကုံးချင်း မျက်နှာလေးညှိုးနေပါသည်။

သူမသည် ငယ်ရွယ်နုနယ်ပြီး အတွေ့အကြုံမရှိသူဖြစ်ရကား အခက်အခဲနှင့် ကြုံတွေ့လာရသောအခါ စိတ်ဓာတ်ကျဆင်းနေပါတော့သည်။

မေဟွားကား ဝါရင့်သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

ထို့ကြောင့်....

ယင်ကျော်အား ရှာမတွေ့တော့သည်နှင့် အကြံထုတ်လိုက်လေသည်။

'မြင်းလှည်းဟာ တောအုပ်အပြင်ဘက်မှာ ရပ်စောင့်နေခဲ့တယ်၊ လူငါးယောက်က ယင်ကျော်ကိုဖမ်းဆီးလာကြတော့ မြင်းလှည်းနဲ့တင်ပြီး ဒီမြို့ကလေးကို ဦးတည်လာခဲ့ကြတယ်၊ ဒီမှာပဲလမ်းစပျောက်သွားတယ်၊ ကျုပ်တို့ဟာ မြင်းလှည်းနဲ့ မြင်းလှည်းမောင်းသမားအကြောင်း စုံစမ်းလို့လဲဖြစ်တယ်၊ မသင်္ကာစရာကောင်းတဲ့ လူငါးယောက်အကြောင်း စုံစမ်းရင်လဲဖြစ်တယ်၊ မျက်ခြည်ပြတ်သွားစရာမရှိဘူး၊ သဲလွန်စတွေ



အများကြီးရထားတာပဲ၊ လာ သခင်မလေး၊ မြင်းလှည်းသမားတွေဆီမှာ သွားပြီးစုံစမ်းလိုက်ကြရအောင်'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းလည်း သဘောတူလိုက်လေသည်။

သူတို့သည် လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ရပ်ထားသော မြင်းလှည်းများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး မသိမသာလှမ်းသွားလိုက်ကြလေသည်။

မြင်းလှည်းသမားများသည် အချင်းချင်းစကားပြောဆိုနေကြပြီး မေဟွားတို့ရောက်လာသောအခါ မြင်းလှည်းငှားမည့်သူများဟု ထင်မှတ်သွားကြလေသည်။

တစ်ယောက်က....

'အစ်မကြီးတို့ မြင်းလှည်းငှားမလို့လားဗျာ'

ဟု နှုတ်ဆက်မေးမြန်းလာလေသည်။

မေဟွားက...,

'ငှားမလို့တော့မဟုတ်ပါဘူး၊ သတင်းစုံစမ်းချင်လို့ပါ'

'ဗျာ'

မဟေ့ာသည် ယခုရက်ပိုင်းအတွင်း မြို့မြင်သို့အငှားလိုက်သွားသည့် မြင်းလှည်းရှိမရှိ မေးမြန်းလိုက်လေသည်။

မြင်းလှည်းသမားများသည် အချင်းချင်းတိုင်ပင်လိုက်ကြပြီးမှ....

ခရီးဝေးသို့ ငှားလိုက်သည့် မြင်းလှည်းတစ်စီးရှိကြောင်း၊

ထိုမြင်းလှည်းအား ကြွက်ငါးကောင်ဆိုသည့် လောင်းကစားသမားများက ငှားရမ်းထားကြောင်း၊

မကြာသေးမီကမှ မြို့ထဲမှထွက်သွားကြောင်း၊၊

သူတို့သိထားသမျှ ပြောပြကြလေသည်။

သို့ဖြင့်....

မဟေ့ာနှင့်ရှမ်းကုိးချင်းတို့သည် ကြွက်ငါးကောင်အား ခြေရာခံကာ လိုက်သွားကြပြန်လေတော့သည်။

ကြွက်ငါးကောင်ဟူသော သတင်းကိုကြားရပြီးနောက်ပိုင်း၌ သတင်းစုံစမ်းရသည်မှာ လွယ်ကူသွားလေသည်။

များမကြာမီ။

ကြွက်ငါးကောင်သည် ဘုံကျောင်းတစ်ခု၌ ရောက်ရှိနေကြောင်း စုံစမ်းသိရှိလိုက်ကြလေတော့သည်။

*　　*　　*



ဘုံကျောင်းလေး။

ကြွက်ငါးကောင်ရောက်ရှိနေသည်ဆိုသော ဘုံကျောင်းလေးသည် တောင်ကုန်းတစ်ခုပေါ်၌တည်ရှိလေသည်။

မဟေ့ာနှင့်ရှမ်းကုိးချင်းတို့သည် တောင်ကုန်းလေးပေါ်သို့ တက်ရောက်သွားခဲ့ကြလေသည်။

ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေသည်။

ဘုံကျောင်းလေးမှာ အေးချမ်းကြည်နူးဖွယ်ရာ တည်ရှိနေပါတော့သည်။

မဟေ့ာနှင့် ရှမ်းကုိးချင်းတို့ ဘုံကျောင်းရှေ့သို့ရောက်ရှိသွားသောအခါ ဝန်းကျင်တစ်ခုလုံးထူးထူးခြားခြားတိတ်ဆိတ်နေသည်ကို တွေ့ရလေသည်။

မဟေ့ာ မျက်မှောင်ကြုတ်သွားသည်။

အခြေအနေကို သဘောမကျသလိုဖြစ်သွားလေသည်။

ထိုစဉ်....

'ဒေါ်လေး၊ ဟိုမှာမြင်းလှည်းတစ်စီး'

ရှမ်းကုံးချင်းက ဘုန်းကျောင်းဝဲဘက်ရှိ သစ်ပင်များကြားသို့ညွှန်ပြကာ ပြောလိုက်လေသည်။

မြင်းလှည်းကိုတွေ့ရသော်လည်း လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

မေဟွာက—

'သခင်မလေး၊ ဒီမှာနေခဲ့ပါ'

ဟု ပြောကာ မြင်းလှည်းရှိရာသို့ တစ်ဟုန်ထိုးပြေးသွားလိုက်လေသည်။

ရှမ်းကုံးချင်းက ခနရစ်ခဲ့ခြင်းမပြုဘဲ လိုက်သွားလေသည်၊

နှစ်ယောက်သား မြင်းလှည်းအနီးသို့ရောက်သွားသည်နှင့် အကျည်းတန်လှသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

မြင်းလှည်းတံခါး ဟာလာဟင်းလင်းပွင့်နေပါသည်။

မြင်းလှည်းအနီးမြေပေါ်တွင်လူနှစ်ယောက်လဲကျနေသည်။

မြင်းလှည်းမောင်းသူနေရာ၌ လူတစ်ယောက်က ပုံပျက်ပန်းပျက်ရှိနေပြီး မြင်းလှည်းအိမ်ထဲမှ လူတစ်ယောက်၏ခန္ဓာကိုယ်အပေါ်ပိုင်းက ပက်လက်လန်ကာ ဇောက်ထိုးမိုးမျှော်အနေအထားဖြင့်ရှိနေသည်။



အားလုံး သွေးခြင်းခြင်းနီရဲနေကြပြီး ရက်ရက်စက်စက်အသတ်ခံထားရပေတော့သည်။

'အမယ်လေး'

ရှမ်းကုံးချင်းက အထိတ်တလန့်ရေရွတ်လိုက်လေသည်။

မေဟွာက....

'သခင်မလေး နေခဲ့ပါ'

ဟု ပြောကာ ရှေ့တိုးသွားလိုက်လေသည်။

မြင်းလှည်းအနီးသို့လှမ်းဝင်သွားပြီး သူမ စစ်ဆေးကြည့်လိုက်သောအခါ အနက်ရောင်ဝတ်ဆင်ထားသူလေးယောက်သည် ရှုတ်တရက်အငိုက်မိကာ အသတ်ခံလိုက်ရပုံမျိုးရှိသည်ကို တွေ့ရလေသည်။

မေဟွာက....

'ဒီလူတွေဟာ ဒီနေရာမှာလာပြီ၊ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံမျိုးပဲ၊ သူတို့ဟာ မထင်မှတ်တဲ့အချိန်မှာ အငိုက်မိပြီး အသတ်ခံလိုက်ကြရတာဖြစ်မယ်'

ဟု ရေရွတ်လိုက်၏။

'ဟုတ်တယ် ဒေါ်လေး၊ အခလောင်းလေးလောင်းပွဲရှိတယ်ဆိုတော့ တစ်ယောက်ရှိရဦးမယ်'

ရှမ်းကုံးချင်း၏စကားသံ ထွက်ပေါ်လာသဖြင့် မေဟွား လှည့်ကြည့်လိုက်လေသည်။

ရှမ်းကုံးချင်းက အနီးသို့ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

မေဟွားက....

'သခင်မလေးက'

'သူတို့ဟာ ကြွက်ငါးဖော်ပဲဖြစ်လိမ့်မယ် ဒေါ်ဒေါ်'

ရှမ်းကုံးချင်း၏စကားကြောင့် မေဟွား သက်ပြင်းချလိုက်လေသည်။

'သူတို့ဟာ ကြွက်ငါးဖော်မဖြစ်ပါစေနဲ့လို့ ဆုတောင်းရလိမ့်မယ် သခင်မလေး'

'ဘာဖြစ်လို့လဲဒေါ်ဒေါ်'

'ကြွက်ငါးဖော်သာဖြစ်နေကြမယ်ဆိုရင် ကျုပ်တို့အတွက် လမ်းစပျောက်သွားမှာမို့ပေါ့'



ရှမ်းကုံးချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုစဉ်....

'ဟင်း....အင်း'

ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မေဟွားနှင့်ရှမ်းကုံးချင်းတို့ ကပျာကယာ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ....

မလှမ်းမကမ်းရှိ ချုံပုတ်ကြီး တစ်ခုအတွင်းမှ လူတစ်ယောက်တိုးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ တစ်ကိုယ်လုံးသွေးခြင်းခြင်းနီရဲနေကာ ချုံပုတ်ထဲမှ ဝမ်းလျားထိုးပြီး ထွက်လာခြင်းဖြစ်လေသည်။

'ရေ....ရေပေးပါ'

ဟုလည်း အငမ်းမရတောင်းနေသည်။

မေဟွားရော ရှမ်းကုံးချင်းပါ ထိုလူအနီးသို့ ရိုပ်ခနဲရောက်ရှိသွားကြလေသည်။

မေဟွားသည် ထိုလူအား မေးမလိုက်ပြီး....

'ရှင်ဘယ်သူလဲ၊ ရှင့်ကိုဘယ်သူတွေက တိုက်ခိုက်သွားကြတာလဲ'

ဟု မေးလိုက်လေသည်။

ထိုလူက အားယူ၍....

'ကျုပ်က နံပါတ်ငါးကြွက်ပါဗျာ၊ ကျုပ်တို့ကို လူတစ်ယောက်က ထင်းစန်းတောအုပ်ထဲက ရသေ့လေးတစ်ပါးကို ဖမ်းခိုင်းတယ်၊ ကျုပ်တို့ဖမ်းခေါ်လာပေးတော့ ငွေမပေးတဲ့ ကျုပ်တို့ကို နှုတ်ပိတ်ဖို့ကြိုးစားခဲ့တယ်'

ဟု ပြောလာလေသည်။

ရှမ်းကုံးချင်း မျက်နှာပျက်သွားလေသည်။

'အစ်ကိုယင်ကျော်းကို ဖမ်းသွားကြတာ ရှင်တို့ကိုး၊ ကဲ... အစ်ကိုယင်ကျော်းဘယ်မှာလဲ ပြောစမ်း'

ဟု ငေါက်လိုက်လေသည်။

ထိုလူက....



'ရသေ့လေးကို သူတို့ခေါ်သွားပြီ'

မေဟွားက....

ရသေ့လေးကို ဖမ်းခိုင်းတဲ့လူက ဘယ်သူလဲ'

'ကျားတောင်ကုန်းပိုင်ရှင်ပါ'

မေဟွား မျက်မှောင်ကြုတ်သွားပြီး....

'သူက ဘာ့ကြောင့်ဖမ်းခိုင်းရတာလဲ'

'သူက'

ထိုလူစကားဆုံးအောင် မပြောလိုက်ရပါချေ။

'ဝှစ်'

ရုတ်တရက် ပစ်လွှင့်လာသော ဓားမြှောင်တစ်ချောင်းက ထိုလူ၏ရင်ဝ၌စိုက်ဝင်သွားရာ ထိုလူမှာခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

'ဟင်'

'ဟာ'

မေဟွားနှင့် ရှမ်းကုန်းချင်းတို့ လွှတ်ခနဲရေရွတ်လိုက်ကြ၏။

ဒေါးမြောင်ပစ်လွှတ်သောရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

လူရိပ်တစ်ခုသည် တောင်ကုန်းအောက်သို့ လျင်မြန်စွာ ပြေးဆင်းသွားပြီး မြင်ကွင်းမှ ပျောက်ကွယ် သွားသည်ကို တွေ့လိုက်ရလေသည်။

'တောက်'

မေဟွား ဒေါသတကြီးတက်ခေါက်လိုက်လေသည်။

'သူတို့အကြောင်းကို မသိစေချင်လို့ တမင်နှုတ်ပိတ်လိုက်တာပဲ၊ ဒါပေမယ့် မရတော့ပါဘူးလေ'

'ဟုတ်တယ်၊ အစ်ကို့ကို ဖမ်းခိုင်းတဲ့လူတွေဟာ ကျားတောင်ကုန်းကလူတွေဆိုတာ ကျွန်မတို့သိရပြီပဲ၊ ကျားတောင်ကုန်းကို လိုက်သွားကြတာပေါ့'

မေဟွားက....

'သခင်မလေးနေခဲ့ရင် ကောင်းမယ်ထင်တယ်'

ဟု ပြောလေသည်။

ရှမ်းကုန်းချင်းက...



'ဘာဖြစ်လို့လဲဒေါ်လေး'

မေဟွားက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျားတောင်ကုန်းဟာ ခေတ္တနေရာမဟုတ်ဘူး၊ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့နေတာ၊ အကျိုးအကြောင်းမခိုင်လုံဘဲသူတို့ကို သွားပြီးစွပ်စွဲလို့ မဖြစ်ဘူး'

ဟု ရှင်းပြလေသည်။

ရှမ်းကုန်းချင်က....

'ကြက်ငါးဖော်က သူတို့ကိုခိုင်းတဲ့လူဟာ ကျား တောင်ကုန်းကလို့ ပြောခဲ့တာပဲ မဟုတ်လား'

'သူပြောခဲ့ပေမယ့် သူသေသွားပြီလေ'

'အဲဒါဘာဖြစ်သလဲ၊ ကျားတောင်ကုန်းကိုသွားပြီး ဖြေရှင်းကြဖို့ပဲ ရှိတော့တာပေါ့'

မေဟွား သက်ပြင်းချလိုက်လေသည်။

'ယင်ကျင်းဟာ ရန်သူလက်ထဲမှာရှိနေတယ်၊ ဒါကြောင့် ကျုပ်တို့ ထင်သလိုလုပ်လို့မရဘူး၊ တော်ကြာ ယင်ကျင်းကို မြန်မရတဲ့အပြင် ကျုပ်တို့အန္တရာယ်နဲ့ကြုံရမှာကို စိုးရိမ်ရသေး

တယ်၊ အစစအရာရာ သတိထားပြီး ဆောင်ရွက်ရလိမ့်မယ်၊ ကျုပ်တို့ဒီအတိုင်းသွားနေလို့ရမှာမဟုတ်ဘူး၊ သူတို့က ငြင်းကြမှာပဲ'

ရှမ်းကုံးချင်းက မကျေမနပ် ဖြစ်သွားလေသည်။

'အစ်ကို့ ကိုဖမ်းထားပြီး ငြင်းလို့ရမလား'

မေဟွားက....

'စိုးရိမ်စရာ ရှိတာက ကျား တောင်ကုန်းဟာ တယ်လောက်ပဲနာမည်ကြီးကြီး သခင်ကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်ကြမှာတော့မဟုတ်ဘူး၊ ဒါကြောင့်အခြေအနေမပေးရင် ယင်ကျင်းကိုသတ်ပစ်ပြီး အထောင်းကို ဖျောက်ဖျက်ပစ်ကြလိမ့်မယ်၊ပြီးရင် ငွတ်ငြင်းကြလိမ့်မယ်'

'ရှင်'

ရှမ်းကုံးချင်း ရင်ထိတ်သွားလေသည်။

မေဟွားက....

'သခင်မလေး လိုက်လာရင် စိတ်မထိန်းနိုင်ဘဲ ကျားတောင်ကုန်းကို အန္တရာယ်ပြုမိမှာပဲ၊ ဒါဆိုရင် ဖြေရှင်းရခက်



သွားလိမ့်မယ်၊ ယင်ကျင်းကို အသက်ရှင်လျက် ပြန်ယူနိုင်ဖို့ အခွင့်အရေးဆုံးရှုံးသွားရလိမ့်မယ်'

ရှမ်းကုံးချင်းက....

'ဒါ... ဒါဆိုရင် ကျွန်မဘာလုပ်ရမှာလဲဟင်'

ဟု စိတ်ပျက်အားလျော့စွာ မေးလေသည်။

မေဟွားက....

'သခင်မလေးအိမ်ပြန်တာ အကောင်းဆုံးပါပဲ'

'အိမ်ပြန်ရမယ်'

'ဟုတ်တယ်'

'ဟင်... ကျွန်မ မပြန်ချင်ဘူး'

ရှမ်းကုံးချင်းက ငြင်းလိုက်လေသည်။

မေဟွားက....

'သခင်မလေး အိမ်ပြန်တာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ အခုဖြစ်ပေါ်နေတဲ့ကိစ္စ သခင်ကြီးကို အကျိုးအကြောင်းရှင်း

ပြလိုက်ရင် သခင်ကြီးက လက်ပိုက်ကြည့်မနေဘဲ ယင်ကျင်းကို ကယ်တင်နိုင်အောင် ကြိုးစားလိမ့်မယ်၊ ဒါဆိုရင် ဘာမှ ပူစရာမလိုတော့ဘူးပေါ့'

ရှမ်းကုံးချင်း ငိုင်သွားလေသည်။

သူမ၏အဘိုးဖြစ်သူ ရှမ်းကုံးသခင်ကြီးကသာ ကူညီမည်ဆိုပါလျှင် ယင်ကျင်းအား အမြန်ဆုံးကယ်တင်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်....

အဘိုးဖြစ်သူနှင့် ရင်ဆိုင်ဖို့ ဝန်လေးနေပါသည်။

သူမအိမ်ပြန်သွားရပြီဆိုလျှင် ရှမ်းကုံးခြံဝင်း အပြင်ဘက်သို့ ထွက်ရဖို့လမ်းမမြင်တော့ပါ။

ထို့အပြင်....

ယင်ကျင်းအား အမှန်တကယ် ကယ်တင်ပေးခြင်း မပြုဘဲ လျစ်လျူရှုထားလိုက်မည်ကိုလည်း စိုးရိမ်မိသေး၏။

ယင်ကျင်းမရှိတော့လျှင် သူမ၏အကြောင်းကို မည်သူမျှလည်းသိနိုင်တော့မည်မဟုတ်ပါ။



ရှမ်းကုံးခြံဝင်း အမည်းစက်ထင်ရမည့် အန္တရာယ်ကိုကာကွယ်ပြီးသား ဖြစ်သွားလိမ့်မည် မဟုတ်ပါလား။

ရှမ်းကုံးချင်း ငိုင်နေစဉ် မေဟွားက....

'သခင်မလေးအိမ်ပြန်သွားပါ၊ ကျုပ်က ကျားတောဝဲ ဂူနန်းကို အခြေအနေ သွားကြည့်လိုက်ဦးမယ်'

ဟုပြောလေသည်။

ရှမ်းကုံးချင်းက ယတိပြတ်ဆုံးဖြတ်လိုက်ပြီး....

'အစ်ကိုကိုမတွေ့ရဘဲ ကျွန်မ အိမ်မပြန်တော့ဘူး'

ဟုပြတ်သားစွာပြောလိုက်လေသည်။

မေဟွားက....

'သခင်မလေး ဒီလိုခေါင်းမာနေမယ်ဆိုရင် ယင်ကျင်းကို အသက်ရှင်လျက် ပြန်တွေ့ရဖို့ ဝေးသွားလိမ့်မယ်'

ရှမ်းကုံးချင်းက....

'ကိစ္စမရှိဘူး၊ ကျွန်မဟာ ရှမ်းကုံးခြံဝင်းကို အားမကိုးဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ ဆုံးဖြတ်ပြီးသားပဲ၊

အစ်ကိုယာဉ်ကျင်းရှဲကိုစွ ကျွန်မဘာသာဖြေရှင်းပါ့မယ်၊ ဒေါ်
လေးသာ အိမ်ပြန်ပါတော့'

ဟု ပြောလိုက်လေသည်။

မှမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့်...

'ဟေ'

မေဟွား ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူမက ရှမ်းကုန်းချင်းအား အိမ်ပြန်ခိုင်းခဲ့သည်။

ယခုတော့ ရှမ်းကုန်းချင်းက သူမအား တစ်လှည့် အိမ်ပြန်
ခိုင်းနေပြီမဟုတ်ပါလား။

'သခင်မလေး ဘယ်လိုပြောလိုက်တာလဲ၊ ဒီစကားတွေ
သခင်ကြီး ကြားသွားမယ်ဆိုရင် ရင်ကွဲသွားလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ရှမ်းကုန်းချင်းက...

'ဘိုးဘိုးအတွက် ကျွန်မစိတ်မကောင်းပါဘူး၊ ဒါပေမဲ့
ကျွန်မကို ကလေးလေးတစ်ယောက်လို သဘောထားနေ



တွေကို ရပ်တန်းကရပ်ဖို့ကောင်းပါပြီ၊ ကျွန်မဟာ ရွှေလှောင်
ချိုင့်ထဲက ငှက်ကလေးတစ်ကောင်လဲ မဟုတ်ပါဘူး၊ ကိုယ့်
ကြမ္မာကိုယ်ဖန်တီးဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ'

မေဟွား ခေါင်းခါယမ်းလိုက်လေသည်။

'သခင်မလေး မှားနေပြီ'

ရှမ်းကုန်းချင်းက....

'ကျွန်မမမှားဘူး၊ ဒေါ်လေး ကျွန်မနောက်ကို မလိုက်ခဲ့
ပါနဲ့'

'သခင်မလေးက ကျွန်းတောင်ကုန်းကို သွားမလို့လား'

'ဟုတ်တယ်'

'အို...ဘယ်ဖြစ်မလဲ၊ သခင်မလေး မှစီမံတတ်ရင် သူတို့
လက်ထဲ ရောက်နေတဲ့ ယဇ်ကျောင်း ဒုက္ခ ရောက်သွားနိုင်တာ
ပေါ့'

ရှမ်းကုန်းချင်းက....

'ကိစ္စမရှိဘူး၊ အစ်ကိုတစ်ခုခုဖြစ်သွားမယ်ဆိုရင် ကျွန်မလဲ
လောကပေါ်မှာ မနေရှုံတဲ့ရှိတော့တာပေါ့'

'သခင်မလေး'

မေဟွားက အထိတ်တလန့်အော်လိုက်လေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်လေး၊ ကျွန်မကိုမထားပါနဲ့၊ ကျွန်မသွားပါရစေတော့'

စကားဆုံးလျှင် အပြေးထွက်သွားရန် ဟန်ပြင်လိုက်လေသည်၊

မေဟွားက....

'သခင်မလေး ဘယ်သွားမလို့လဲ'

'ကျားတောင်ကုန်းကို သွားမလို့လေ'

'ကျားတောင်ကုန်း ဘယ်မှာရှိတယ်ဆိုတာရော သခင်မလေးသိလို့လား'

'ဟင်'

ရှမ်းကုံးချင်းက ခြေလှမ်းရပ်သွားလေသည်။

သို့သော်....



'အို...သူတို့ဟာ နာမည်ကျော်ကြားတယ်ဆိုရင် စုံစမ်းလို့ရမှာပဲ၊ ဘာမှပူစရာမလိုပါဘူး'

ပြောပြီး ထွက်သွားရန်ဟန်ပြင်လိုက်ပြန်လေသည်။

မေဟွားက....

'သခင်မလေး လိုက်စုံစမ်းနေရင် အချိန်ကြာသွားမှာပေါ့၊ ပြီးတော့ သခင်မလေး လိုက်လံစုံစမ်းနေတယ်ဆိုတာကို သူတို့ ချက်ချင်းသိသွားကြမှာပဲ၊ ဒါဆိုရင် ယင်ကျင်းက ကျားတောင်ကုန်းမှာ ရှိနေတယ်ဆိုရင်တောင် နေရာရွှေ့ပစ်လိုက်ကြမှာပဲ'

ရှမ်းကုံးချင်း ငူငူကြီးဖြစ်သွားလေတော့သည်၊

မေဟွားက ဆက်ပြောလိုက်လေသည်။

'သခင်မလေးက ကျုပ်စကားနားထောင်မယ်ဆိုရင် ကျုပ်က ကျားတောင်ကုန်းကို အချိန်မီရောက်အောင် လိုက်ပို့ပေးပါမယ်'

ရှမ်းကုံးချင်းက....

'ကျွန်မက ဘာနားထောင်ရမှာလဲ၊ ပြောပါဦး'

ဟု မေးလေသည်။

မေဟွားက....

'ကျွားတောင်ကုန်းကိုရောက်ရင် သခင်မလေး စိတ်လိုက်မာန်ပါ မလုပ်ဖို့ပါပဲ'

ရှမ်းကုမ်းချင်းက....

'ဒါတော့စိတ်ချပါ၊ ကျွန်မ ဆင်ခြင်ပါ့မယ်'

မေဟွားက....

'ဒါဖြင့် ကျွားတောင်ကုန်းကို သွားလိုက်ကြရအောင်'

ဟု ပြောလေသည်။

* * *

...ဆဝင်ပြီ

...န္တရာယ်

---

ကျွားတောင်ကုန်း။

ကျွားတောင်ကုန်းသည် ဆူးပင်များ၊ ကျောက်...ကျောက်ခဲများ ပေါများသော တောင်ကုန်းတစ်ခုဖြစ်...ည်။

...တောင်ထိပ်ပိုင်းသို့ရောက်မှ စိမ်းလန်းသောသစ်ပင်အား...တွေ့မြင်ရမည်ဖြစ်သည်။

...ထိုသစ်ပင်များကြား၌ ကျွားတောင်ကုန်းစခန်းမှ...သောက်ဆအုံများကို တွေ့မြင်နိုင်လေသည်။

...ကျွားတောင်ကုန်းမှာ သိုင်းလောကတွင် ထင်ရှားသော...ာတစ်ခုဖြစ်လေသည်။

တောင်ကုန်းပိုင်ရှင်မှာ ရွှေကျားလုကျွင်းဖြစ်သည်။

လုကျွင်းသည် ကျားလက်ဝါးသိုင်းဖြင့် နှစ်ပေါင်းများ စွာ ထင်ရှားကျော်ကြားလာခဲ့သူ ဖြစ်လေသည်။

ယခု...

မေဟွားနှင့်ရှမ်းကုံးချင်းတို့သည် ကျားတောင်ကုန်းသို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

သူတို့သည် ညမိုးချုပ်သည်အထိ စောင့်ဆိုင်းနေလိုက်ကြ ရလသည်။

အမှောင်ရိပ်ဖုံးလွှမ်းသွားတော့မှ တောင်ကုန်းပေါ်သို့ ာ်လာခဲ့ကြလေသည်။

တောင်ပေါ်သို့တက်ရာ လမ်းတစ်လျှောက်တွင် အစော ကြပ်များ ရှိနေပါသည်။

သို့သော်...

မေဟွားတို့သည် ကျားတောင်ကုန်းမှ အစောင့်များ ရှောင်ကျင်းကာ အဆောက်အအုံများရှိသည့် နေရာ တက်လာနိုင်ခဲ့ကြလေသည်။



ကျားတောင်ကုန်း အဆောက်အအုံများကား ခမ်းနား ထည်ဝါစွာ ရှိနေပါသည်။

မီးအိမ်များ ထွန်းညှိထားသဖြင့် မီးရောင်ထိန်ထိန်လင်း နေ၏။

လှံရှည်ကိုင် အစောင့်အကြပ်များလည်း လှည့်လည်သွား လာရင်း စောင့်ကြပ်နေကြသည်ကို တွေ့ရလေသည်။

မေဟွားသည် အခြေအနေကို တစ်ချက်အကဲခတ်ကြည့် လိုက်ပြီး....

'သခင်မလေး အပြင်ဘက်မှာနေခဲ့ပါ၊ ကျုပ်အထဲဝင်ပြီး အကဲခတ်ကြည့်လိုက်ဦးမယ်'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းက....

'ကျွန်မလိုက်လို့မရဘူးလား'

ဟု မေးလိုက်သည်။

မေဟွားက...

'သခင်မလေး သေသေချာချာကြည့်ပါ၊ အစောင့်အကြပ်တွေ အတော်များတယ်၊ သတိဝီရိယထားပြီး စောင့်ကြပ်နေတယ်၊ ကျုပ်တို့လာမယ်ဆိုတာကို ကြိုတင်သိနေကြပုံရတယ်'

မှန်ပေသည်။

အစောင့်များ လှုပ်လှုပ်ရှားရှားဖြစ်နေကြပုံမှာ အန္တရာယ်၏အငွေ့အသက်ကို ရရှိထားကြသည့်သဘောမျိုး ဖြစ်နေပါတော့သည်။

မေဟွားက....

'သခင်မလေး အပြင်မှာပဲစောင့်နေပါ၊ ကျုပ်မကြာခင်ပြန်လာခဲ့ပါ့မယ်'

စကားဆုံးလျှင် ကိုယ်ဖျောက်ပညာအသုံးပြုကာ ပြေးထွက်သွားလေသည်။

မေဟွားသည် အမှောင်ရိပ်ထဲ၌ ကျွမ်းကျင်စွာ လှုပ်ရှားရင်း တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ရှမ်းကုမ်းချင်းက သစ်ပင်တစ်ပင်နောက်ကွယ်တွင် စောင့်ဆိုင်းနေလိုက်လေသည်။



မေဟွားကား ပျောက်ကွယ်သွားပြီး အရိပ်အယောင်ပင် မမြင်ရပါတော့ချေ။

သူမသည် ကျားတောင်ကုန်းစခန်းအတွင်းသို့ ဝင်ရောက်သွားနိုင်ခြင်း ရှိမရှိ မသိရပါ။

အစောင့်များက ပုံမှန်အတိုင်း လှည့်လည် စောင့်ကြည့်နေဆဲ....

အဆောက်အအုံများတွင် မီးရောင်များထိန်ထိန်လင်း... ရှမ်းကုမ်းချင်းသည် စောင့်ဆိုင်းနေရင်း စိတ်ရှုပ်ထွေးလာလေတော့သည်။

သူမသည် ယင်ကျင်းနှင့်ပတ်သက်လာလျှင် မခံလေသည်။ မယုံနိုင်အောင်လည်း ဖြစ်လာလေသည်။

'ဒေါ်လေးဟာ ငါနဲ့အစ်ကိုယင်ကျင်းပတ်သက်နေတာ သဘောကျတာမဟုတ်ဘူး၊ အစ်ကိုယင်ကျင်းကို ဖမ်းသွားတာဟာ ရန်သူတွေလက်ချက်လား၊ ဒေါ်လေးကပဲ လှည့်စားခဲ့တာလား'

သူမသည် မေဟွားကိုလည်း မယုံတော့ပေ။

ထို့ကြောင့်....

'ငါကိုယ်တိုင်အထဲဝင်ပြီး စုံစမ်းကြည့်တာ ကောင်းမယ်'

ဟု ဆိုးဖြတ်လိုက်လေသည်။

သူမသည်ပုန်းကွယ်ရာမှထွက်ကာ ခမ္ဘာင်ရိပ်ခိုပြီးအဆောက်အအုံများအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

အစောင့်အကြပ်များ လှမ်းလာနေကြသည်ကို တွေ့ရလျှင် ခေတ္တငြိမ်နေလိုက်ပြီး အစောင့်များ ဖြတ်ကျော်သွားသည်နှင့် ရှေ့တိုးသွားလိုက်လေသည်။

တော့သဖြင့်...

မေဟွာ အစောင့်များကြာသောအခါအဆောက်အအုံများအနီးသို့ ရောက်ရှိသွားလေသည်။

'သခင်မလေး

ပြန်လာခဲ့ပါ ချဉ်းသည် အဆောက်အအုံများကို အကဲခတ် လိုက်သည်။

ယင်ကျောင်းအား မည်သည့်အဆောက်အအုံ၌ ဖမ်းဆီးထား သွား' သနည်းဟု တွေးလိုက်ခြင်းဖြစ်သည်။

ထို့နောက်...

အဆောက်အအုံတစ်ခုအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားလိုက်လေသည်။

ထိုစဉ်....



'ဟော့...ဘယ်သူလဲ၊ ရပ်လိုက်စမ်း'

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။

အစောင့်အချို့ ဟိုမှသည်မှထွက်ပေါ်လာပြီး ရှမ်းကုံးချင်းအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

ရှမ်းကုံးချင်း ထိတ်လန့်သွားသည်။

သူမသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ....

'သွားစမ်း'

ဟု အော်ငေါက်ကာ ဆီးကြိုတိုက်ခိုက်ပစ်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှကျယ်လောင်သောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ပြေးဝင်လာသော အစောင့်အကြပ်များမှာ တစ်ယောက်ပြီးတစ်ယောက် လဲ့ငို့စဉ်သွားကြလေတော့သည်။

ဤတွင်....

'ရန်သူ....ရန်သူ'

အော်ဟစ်သံများ ဟိုမှသည်မှထွက်ပေါ်လာ၏။

အစောင့်များ ပြေးလွှားရောက်ရှိလာကြသည်။

ရှမ်းကုံးချင်း ထွက်မပြေးနိုင်အောင် အထပ်ထပ်ပိတ်ဆို့ဝိုင်းရံထားလိုက်ကြလေတော့သည်။

* * *

'ဒေါင်....ဒေါင်....ဒေါင်....ဒေါင်'

'ရန်သူ....ရန်သူ'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။



ကျွဲးတောင်ကုန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မီးရောင်များသည်း ထိန်ထိန်လင်းသွားသည်။

ရှမ်းကုံးချင်း မှင်တက်နေမိစဉ်....

'မပြေးနဲ့'

အော်ဟောက်သံများနှင့်အတူ ကျွဲးတောင်ကုန်းမှလူများသည် ရှမ်းကုံးချင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

ရှမ်းကုံးချင်းက အံကြိတ်လိုက်သည်။

သူမသည် ကျွဲးတောင်ကုန်းမှလူများအား ထိုးဖောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'အားလုံး နောက်ဆုတ်လိုက်စမ်း'

အောင်မြင်ခန့်ညားသော ဟန့်တားသံ ထွက်ပေါ်လာသည်။

ကျွဲးတောင်ကုန်းမှလူများ ချက်ချင်းနောက်ဆုတ်လိုက်လေသည်။

အထပ်ထပ်ဝိုင်းရံထားကြသူများအလယ်၌ လမ်းကြောင်းလေးတစ်ခု ဖြစ်ပေါ်လာသည်

ထိုလမ်းကလေးအတိုင်း လူတစ်ယောက်က လျှောက်လှမ်းလာနေသည်။

ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိသည်။

ဥပဓိရုပ်တည်ကြည်ခန့်ညားပြီး ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း ပေါ်လွင်နေသည်။

'သခင်ကြီး သက်တော်ရာကျော်ရှည်ပါစေ'

'ကျားတောင်ကုန်း အဓွန့်ရှည်ပါစေ'

ကြွေးကြော်သံများ တစ်ခဲနက်ထွက်ပေါ်လာနေသည်။

ရှမ်းကုံးချင်း သက်ပြင်းချလိုက်သည်။

ကျားတောင်ကုန်းပိုင်ရှင်နှင့်မှ ထိပ်တိုက်တွေ့ဆုံလိုက်ရသည် မဟုတ်ပါလား။

ကျားတောင်ကုန်းပိုင်ရှင်လုကျင်းမှာ ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ပေသည်။



မကောင်းသူပယ် ကောင်းသူကယ်သည့် အဖြူရောင်သိုင်းသမားတစ်ယောက်လည်း ဖြစ်သည်။

လုကျင်းသည် သူ၏ချစ်သူယင်ကျင်းအား အဘယ်ကြောင့် ဖမ်းဆီးခေါ်ဆောင်သွားရပါသနည်း။

ရှမ်းကုံးချင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ကျားတောင်ကုန်းပိုင်ရှင်ကြီးကို ဂါရဝပြုပါတယ်ရှင်'

လုကျင်းက....

'ကျုပ်ကလဲ ရှမ်းကုံးသခင်မလေးကို လေးစားပါတယ်၊ ကျားတောင်ကုန်းကို ရောက်တုန်းရောက်ခိုက် ဧည့်ခံပြုစုပါရစေ၊ ဧည့်ခန်းထဲကိုကြွပါ'

ရှမ်းကုံးချင်းသည် ငြင်းဆန်၍ အကြောင်းထူးမည်မဟုတ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။

ထို့ကြောင့်....

'ကျေးဇူးပါပဲရှင်'

လုကျင်းက....

'ဒီဘက်ကိုကြွပါ'

ရှမ်းကုန်းချင်းသည် လုကျင်း ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေ၏။

မကြာပါချေ။

မီးရောင်များ ထိန့်ထိန့်လင်းနေသော ဧည့်ခန်းဆောင်အတွင်းသို့ ရောက်ရှိသွားကြလေသည်။

ဧည့်ခန်းမှာ ကြီးမားကျယ်ဝန်းလှပေသည်။

အခန်းထဲ၌ အဖိုးတန်ပရိဘောဂများဖြင့် တန်ဆာဆင်ထားသည်။

ရှမ်းကုန်းချင်းသည် ဧည့်ခန်းအတွင်းသို့ ရောက်ရှိသွားသောအခါ မျက်လုံးပြူးကျယ်သွားသည်။

အကြောင်းမှာ....

သူမအား အပြုံးဖြင့်ဆီးကြိုနေသည့် မေဟွားအား တွေ့မြင်လိုက်ရသောကြောင့်ဖြစ်၏။

'ဟင်....ဒေါ်လေး'

ရှမ်းကုန်းချင်း လွှတ်ခနဲခေါ်လိုက်သည်။

မေဟွားကလည်း သူမအား လက်ယပ်ခေါ်လိုက်သည်။



'သခင်မလေး၊ ဒီကိုလာပါ'

ရှမ်းကုန်းချင်းသည် မေဟွားအနီး၌ သွားရောက်ထိုင်ချလိုက်လေသည်။

ကျွားတောင်ကုန်းပိုင်ရှင်လုကျင်းက သူတို့အတွက်လိုလေသေးမရှိ ဧည့်ခံပြုစုပေးလေသည်။

လုကျင်းက...

ရှမ်းကုန်းမိသားစုံကို ကျုပ်က ကြည်ညိုလေးစားခဲ့တာ ကြာခဲ့ပါပြီဗျာ၊ အခုမှပဲ ရှမ်းကုန်းသခင်မလေးနဲ့ လူချင်းတွေ့ရတော့တယ်'

ရှမ်းကုန်းချင်းက...

'ကျွန်မကလဲ ကျွားတောင်ကုန်းသခင်ရဲ့ သတင်းကို ကြားခဲ့တာ ကြာပါပြီ၊ အခုလို တွေ့ဆုံရတာဝမ်းသာပါတယ်ရှင်'

သူမသည် မေဟွားဘက်သို့လှည့်ကြည့်လိုက်လေသည်။

သူတို့သည် ကျွားတောင်ကုန်းသို့ ရောက်လာခြင်းမှာ မိတ်ဆွေဆန်သော ရောက်လာခြင်းမျိုး မဟုတ်ပါ။

ရန်သူပမာ တိတ်ဆိတ် ကျူးကျော်ဝင်ရောက်လာခြင်းမျိုးသာ ဖြစ်ပေသည်။

ကြက်ငါးဖော်ထံမှ ရရှိခဲ့သောသတင်းအတိုင်း ဆိုပါလျှင် ကျားတောင်ကုန်း၏လုပ်ရပ်သည်လည်း ရန်သူပမာ ဖြစ်နေပါသည်။

ထိုကိစ္စအား မည်သို့ ဖြေရှင်းမည်နည်းဟူသော သဘောဖြင့် ရှမ်းကုန်းချင်းက မေဟွားအား ကြည့်လိုက်ခြင်းဖြစ်၏၊

မေဟွားကလည်း သူမ၏အကြည့်ကို နားလည် သဘောပေါက်ထားလေသည်။

သူမသည် လုကျင်းနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး....

'ကျွန်မတို့ ဒီနေရာကို ညကြီးအချိန်မတော် ဝင်ရောက်မိတဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်၊ ကျွန်မတို့ဟာ အရေးကြီးတဲ့ အကြောင်းကိစ္စ တစ်ခုကြောင့် လာခဲ့ရတာပါ'

လုကျင်း ခေါင်းညိတ်လိုက်သည်။

'ပြောပါဗျာ'

မေဟွားက....

'ကျွန်မတို့က လူတစ်ယောက်ကို လာရှာတာပါ'

'လူတစ်ယောက်'



'ဟုတ်ပါတယ်ရှင်'

'ဘယ်သူများလဲဗျာ၊ ကျုပ်တို့ ကျားတောင်ကုန်းက....'

မေဟွား ခေါင်းခါယမ်းလိုက်သည်။

'ကျားတောင်ကုန်းကလူ မဟုတ်ပါဘူးရှင်'

'ဩော်'

လုကျင်း အံ့ဩသွားပုံရလိုက်သည်။

မေဟွားကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး....

'ဒါဖြင့် ဘယ်သူများလဲ ပြောပါဦးဗျာ'

'ယင်ကျင်း'

လုကျင်း ပခုံးတွန့်လိုက်သည်။

'ယင်ကျင်း ဟုတ်လား၊ ကျုပ်တို့ ကျားတောင်ကုန်းမှာ ယင်ကျင်းဆိုတဲ့နာမည်နဲ့ ဘယ်သူမှ မရှိပါလား'

မေဟွားက....

'သခင်လေးဟာ ကျားတောင်ကုန်းကလူမဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ကို ကျားတောင်ကုန်းက ဖမ်းဆီးထားတယ်ဆိုတာ သတင်းကြားလို့ လာခဲ့တာပါ'

သူ၏စကားအဆုံးတွင် လုကျော်က ရယ်မောလိုက်လေသည်။

'ဖြစ်မှဖြစ်ရလေဗျာ၊ ယင်ကျော်ဆိုတာ ဘယ်သူဘယ်ဝါမှန်းမသိဘဲ ကျုပ်က ဘာဖြစ်လို့ဖမ်းဆီးထားရမှာလဲ'

မေဟော်က....

'ဒါဖြင့် ကြက်ငါးကောင်ပြောတဲ့ စကားကို ဘယ်မှာထားမလဲရှင်'

'ကြက်ငါးကောင်ဆိုတာ လူကောင်းတွေမှ မဟုတ်တာ၊ သူတို့ပြောတဲ့စကားတွေကို ယုံဖို့ခက်ပါတယ်'

မေဟော်က....

'တကယ်လို့သာ သူတို့ပြောတိုင်း ယုံခဲ့ရင် မှားလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် သေကာနီးလူတစ်ယောက်ဟာ အမှန်ကိုသာ ပြောကြတယ်လို့တော့ ကျွန်မ ယုံကြည်နိုင်ပါတယ်'

သူသည် လုကျော်အားစိုက်ကြည့်လိုက်ပြီး...

'သခင်လေးဟာ ရှမ်းကုံးခြံဝင်းနဲ့ ပတ်သက်နေပါတယ်၊ ဒါကြောင့် ရှမ်းကုံးခြံဝင်းရဲ့ မျက်နှာကို ထောက်ထားတဲ့



အနေနဲ့ သခင်လေးကို ပြန်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင်'

လုကျော်သက်ပြင်းချလိုက်လေသည်။

'ကျုပ်က ရှမ်းကုံးခြံဝင်းကို လေးစားပါတယ်၊ ကျုပ်ကို အခုလို လာပြီးပြောဆိုနေတာတွေကိုလဲ သည်းခံခွင့်လွှတ်လိုက်ပါမယ်၊ ကျုပ်က ယင်ကျော်ကိုဖမ်းထားဖို့မပြောနဲ့ သိတောင်မသိပါဘူးဗျာ'

ရှမ်းကုံးချော် ဒေါသထွက်သွားလေသည်။

လုကျော်က တမင်လိမ်ပြောနေခြင်းဖြစ်သည်ဟု ရှမ်းကုံးချော် နားလည်ထားလေသည်။

သူမသည် ထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။

'ရှင်လိမ်ပြောနေတာ၊ အစ်ကိုယင်ကျော်ဟာ ဒီမှာပဲရှိရမယ် အခုချက်ချင်းထုတ်ပေးပါ'

လုကျော်က....

'သခင်မလေး၊ ဒေါသမစွပ်စွဲပါနဲ့ဗျာ၊ ကျုပ်က သခင်မလေးရဲ့အဘိုးမျက်နှာကြောင့် ဒီလောက်သည်းခံနေတာပါ'

ရှမ်းကုံးချော်က....

'ကျွန်မလဲ ကျားတောင်ကုန်းကို လေးစားလို့ အခုလို ပြောနေတာပါ၊ အစ်ကိုယင်ကျင်း ဒီမှာရှိတယ်ဆိုတာ ကျွန်မ သိထားပြီးပါပြီ၊ သူ့ကိုမတွေ့ရဘဲ ကျွန်မပြန်မှာမဟုတ်ပါဘူး'

လုကျင်းက....

'မိန်းကလေးတွေချင်တဲ့လူ ဒီနေရာမှာမှမရှိဘာ ကျုပ် ဘယ်လိုပြောရမလဲ'

ရှမ်းကုံးချင်း ပိုပြီးဒေါသထွက်လာသည်။

'တကယ်လို့သာ အစ်ကိုယင်ကျင်းကိုထုတ်မပေးရင် ကျားတောင်ကုန်းကို မီးရှို့ပစ်လိုက်မယ်'

လုကျင်းက ထိုင်ရာမှထလိုက်သည်။

သူ၏မျက်နှာ ခက်ထန်တင်းမာ၍နေလေသည်။

'ကျုပ်က ရှမ်းကုံးခြံဝင်းကိုလေးစားပါတယ်၊ ဒါပေမယ့် ကျားတောင်ကုန်းကို စော်ကားလာရင်လဲ သည်းခံမှာမဟုတ်ပါဘူး'

ရှမ်းကုံးချင်းက....



'ကောင်းပြီလေ၊ ရှင်တို့ ဘယ်လောက်ခေါင်းမာနိုင်ကြမလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'သခင်မလေး ခဏ' ,

မေဟွားက ထိုင်ရာမှထလိုက်သည်။

သူမသည် ရှေ့ကိုလှမ်းထွက်လိုက်ပြီး....

'ကျားတောင်ကုန်းရဲ့ပညာကို ကျွန်မလေ့လာပါရစေ'

လုကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

သူ၏ရယ်မောသံကျယ်လောင်စွာထွက်ပေါ်လာလေသည်။

'ကောင်းပြီ ကောင်းပြီ၊ ကျားတောင်ကုန်းကို ညကြီးအချိန်မတော် ကျူးကျော်ဝင်လာရဲ့မှတော့ ကျုပ်ကလဲ လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်နိုင်ပါတော့မလဲဗျာ'

သူတို့သည် ရှေ့သို့လှမ်းထွက်ကာ ထိပ်တိုက်ရင်ဆိုင်လိုက်ရလေသည်။

လုကျောင်းက....

'ကျားတောင်ကုန်းဟာ လွယ်လွယ်နဲ့ ခေါ်ကားလို့ရတဲ့ နေရာမဟုတ်ဘူးဆိုတာမှတ်ထားပါ၊ ကျုပ်ရဲ့ ကျားနိုင်လက်ဝါးသိုင်းကွက်ကို သတိထားပါ'

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်သည်။

မေဟွားကလည်း ပြန်လည်တိုက်ခိုက်သည်။

ညှို့ခန်းမအောင်အတွင်း၌ ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာ၏။

* * *

တိုက်ပွဲဖြစ်ပေါ်လာသည်။

လုကျောင်းနှင့် မေဟွားတို့ ယှဉ်ပြိုင် တိုက်ခိုက်လိုက်ကြသေးသည်။



နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး တစ်ခဏအကြာတွင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာ၏။

လုကျောင်းနှင့်မေဟွားတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြလေသည်။

မေဟွားက....

'ရှင့်ရဲ့ ကျားနိုင်လက်ဝါးက ဘယ်ဆိုးလို့လဲ'

လုကျောင်း သက်ပြင်းချလိုက်လေသည်။

'ရှမ်းကုန်းခြံဝင်းရဲ့ သိုင်းပညာကို လေးစားပါတယ် ခင်ဗျာ'

မေဟွားက....

'ဘာကြောင့်လဲဆိုတော့ ကျွန်မက လက်နက်ပုန်းကို ထုတ်သုံးမယ်ဆိုရင်ရော'

လုကျောင်း ခေါင်းညိတ်လိုက်သည်။

'ရပါတယ်၊ ကျုပ် လော့လာကြည့်ပါရစေ'

‘ကောင်းပြီ၊ ရှင်သတိထားပါ’

မေဟွာ့သည် လက်နက်ပုန်းဖြင့်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရှမ်းကုံးချင်းက....

‘ဒေါ်လေး၊ ကျွန်မတို့ဟာ သူနဲ့သိုင်းပညာ ယှဉ်ပြိုင်ဖို့ လာခဲ့ကြတာမဟုတ်ဘူး၊ သူ့ကိုဖမ်းပြီး အစ်ကို ယင်ကျင်း ဘယ်မှာရှိတယ်ဆိုတာ မေးရမယ်၊ ဒါ အရေးကြီးဆုံးပဲ’

ဟု ဝင်ပြောလိုက်လေသည်။

မေဟွာ့က....

‘စိတ်ချသခင်မလေး၊ သူ့ဖွင့်ပြောလာရစေမယ်’

သူမသည် လက်နက်ပုန်းဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

‘ထိုစဉ်မှာပင်....

‘ဝှစ်....ဝှစ်....ဝှစ်’

လေတိုးသံများ ထွက်ပေါ်လာ၏။



လက်နက်ပုန်းလေးများ တရစပ် ပစ်လွှင့်လာလေသည်။

မေဟွာ့ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုလက်နက်ပုန်းလေးများ ပစ်လွှင့်လာပုံမှာ အလွန်ထူးခြားလေသည်။

မည်သည့်အရပ်မှပစ်လွှင့်လာမှန်း မသိရပါ။

အဓိကကျသော သွေးကြောနေရာများသို့ဦးတည်ကာ ပစ်လွှင့်လာ၏။

မထင်မှတ်သော ရှုထောင့်မှ ပစ်လွှင့်လာပုံမျိုး ဖြစ်လေသည်။

မေဟွာ့ ရင်ထိတ်လာသည်။

လုကျင်းအား ဆက်လက် တိုက်ခိုက်ခြင်းမပြုဘဲ ကပျာကယာနောက်ဆုတ်လိုက်သည်။

လုကျင်းလည်း ကပျာကယာနောက်ဆုတ်လိုက်လေသည်။

သို့တိုင်....

ခွမ်း’

အသံတစ်ချက် ထွက်ပေါ်လာသည်။

ပစ်လွှင့်လာသည့် လက်နက်ပုန်းလေး နှစ်ခုသည် အချင်းချင်း ထိတွေ့မိလိုက်ပြီး လက်နက်ပုန်းလေး တစ်ခုသည် လုကျွင်းအား ထိမှန်သွားလေတော့သည်။

'အား'

လုကျွင်း လွှတ်ခနဲ အော်လိုက်သည်။

ဒယီးဒယိုင်ဖြစ်သွားပြီး ကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွားလေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးနှစ်ခုသည် လင်းနို့ နှစ်ကောင်အလား အဝေးသို့လွင့်ထွက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *



တိုက်ပွဲသည် ရုတ်တရက်ဖြစ်ပေါ်လာခဲ့ပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြီးဆုံးသွားလေသည်။

လုံကျွင်းက ကြမ်းပြင်ပေါ်၌ လဲကျနေလေသည်။

မေဟွား လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ခွမ်း....ခွမ်း....ခွမ်း'

'မလွှတ်စေနဲ့ ဝိုင်းထား'

ကျွားတောင်ကုန်းမှလူများက သတိဝင်လာပြီး ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ရှမ်းကုန်းချင်းကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

မေဟွားကတော့ အမှုမထားပါချေ။

လုံကျွင်းထံသို့ လှမ်းသွားလိုက်လေသည်။

လုကျွင်းသည် လဲနေရာမှ လူးလိမ့်ထလိုက်သည်။

သူ၏မျက်နှာ ဖြူဖွေးနေ၏။

သူ၏လက်နှစ်ဖက်သည် ရင်ဝကို ဖိထားလေသည်။

လက်ချောင်းလေးများကြားမှ သွေးများ တစိမ့်စိမ့် စီးကျနေသည်။

မေဟွာ:က....

'ရှင့်ကိုတိုက်ခိုက်သွားတဲ့လူကို ရှင် သိတယ်မဟုတ်လား'

လုကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'သူ ဒီလိုလုပ်လိမ့်မယ် လို့ ရှင် မထင်ခဲ့ဘူးမဟုတ်လား'

'ဟုတ်တယ်'

'သူက ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ရှင်သိသလား'

လုကျင်းက....

'သူဟာ ကျုပ်ကို နှုတ်ပိတ်ချင်နေတာကိုး'

'အဲဒါ ဘာကြောင့်လဲ'

'မှင်းတို့ကြောင့်ပေါ့'

မေဟွား ခေါင်းခါလိုက်သည်။



'ရှင်မှားနေပြီ၊ ရှင့်ရဲ့ လုပ်ရပ်တွေကြောင့် အခုလို ဖြစ်ရတာ'

လုကျင်း အံကြိတ်လိုက်သည်။

'သူ ဒီလိုမလုပ်သင့်ဘူး'

မေဟွား:က....

'ယင်ကျင်းဟာ ဒီလောက်တောင် အရေးကြီးတဲ့လူ တစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး'

ရှမ်းကုံးချင်းက ရှေ့တိုးလိုက်လေသည်။

'ဒေါ်လေး၊ အစ်ကိုဟာ....'

မေဟွား: လက်ကာပြလိုက်သည်။

'သခင်မလေး ကိုယ်တိုင်ကရော ယင်ကျင်း အကြောင်းကို အများ သိထားသေးလို့လဲ'

'ကျွန်မ'

ရှမ်းကုံးချင်း မည်သို့ပြောရမှန်းမသိဖြစ်သွားသည်။

ယင်ကျင်းနှင့်ပတ်သက်၍ သူမ ဘာမျှမသိရသေးသည်မှာ အမှန်ပင်ဖြစ်ကြောင်း နားလည်ထားလေသည်။

မေဟွာ့သည် လုကျင်းအားကြည့်လိုက်သည်။

'ယင်ကျင်း ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

လုကျင်းက....

'သူ ဒီနေ့ ဆရာမှာမရှိဘူး'

ဒါဖြင့်....

လုကျင်းက....

'ကျုပ်ငြင်းလို့မရတဲ့ လူတစ်ယောက်က ထင်းစန်းတောင် ခြေ ာအုပ်ထဲက ရှိတဲ့ ဆေးတစ်ပါးကိုဖမ်းဆီးပေးဖို့ အကူ အညီ တောင်းခဲ့တယ်။ ကျုပ်လဲငြင်းလို့မရတာနဲ့ ကြွက်ငါး ကောင်ကို ငွေပေးပြီးခိုင်းလိုက်မိတယ်၊ ကြွက်ငါးကောင်ဟာ ရှ ဆေးလေးကိုဖမ်းဆီးရမိခဲ့တယ်လို့ သတင်းကြားခဲ့ရတယ်၊ အမှ တော့ ကြွက်ငါးကောင်ဟာ ယင်ကျင်းကို ထင်းစန်းပြ ဘက်က ချိန်းထားတဲ့နေရာကို သွားပို့ပေးခဲ့ပြီးရင် ကိုရှ သွားပါပြီ၊ ခုတော့'

မေဟွာ့က....



'ယင်ကျင်းဟာ ရှမ်းကုန်းခြံဝင်းနဲ့ ပတ်သက်ခန ်ဆိုတာ ကို ရှင် အသိနောက်ကျသွားတာပေါ့'

လုကျင်းက....

'သူဟာ သာမန်ရှိသေ ဆေးတစ်ပါးမဟုတ်ဘဲ ခေါက် ကွယ်မှာ လျှို့ဝှက်ချက်တွေရှိနေတယ်ဆိုတာ ကျုပ်သိလိုက် ရတယ်၊ ဒါပေမယ့် အသိနောက်ကျနေပြီ'

လုကျင်းသည် သူ၏လူများဘက်သို့လှည့်ကာ လက်ခေါ့ ယမ်းပြလိုက်ပြီး....

'သူတို့ကိုမနှောင့်ယှက်နဲ့၊ သူတို့သွားပါစေ'

ဟု အမိန့်ပေးလိုက်လေသည်။

ကျွေးတောင်ကုန်းမှလူများ ချက်ချင်းနောက်ဆုတ်သွား ကြလေသည်။

မေဟွာ့က....

'ရှင့်ကို ဘယ်သူကခိုင်းခဲ့တယ်ဆိုတာ ပြောပြနိုင်မလား'

ဟု မေးလိုက်လေသည်။

လုကျင်းက....

'လောကပေါ်မှာ လက်နက်ပုန်းပစ်ပညာနဲ့ ပတ်သက်လာရင် ရှမ်းကုံးခြံဝင်းက အောက်ဝိဇ္ဇာမေဟွားဟာ အတော်ဆုံးလို့ပြောကြပါတယ်၊ ဒါပေမယ့်'

သူက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

မေဟွား မျက်နှာပျက်သွားလေသည်။

'ရှင်ဆိုလိုတာက'

လုကျောင်းက....

'ခင်ဗျား မျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား'

မေဟွား မသိမသာ ခြေတစ်လှမ်းနောက်ဆုတ်လိုက်သည်။

သူမ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

လုကျောင်းက....

'ကျုပ်ကို လက်နက်ပုန်းထိမှန်သွားခဲ့ပြီ၊ ကျုပ်နောက်ထပ်အသက်ရှင်နိုင်ရင် သုံးရက်ပဲ၊ ကျုပ်သိတာတွေလဲ အားလုံးပြောပြပြီးပါပြီ၊ အခုလိုကြုံတွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိဘူး၊ ကျုပ်က အသေးအဖွဲ့ကိစ္စလေးတစ်ခုလို သဘောထားခဲ့တယ်၊ ဒါပေမယ့်'



မေဟွား သက်ပြင်းချလိုက်လေသည်။

သူမသည် ရှမ်းကုံးချင်းဘက်သို့လှည့်လိုက်ပြီး....

'သခင်မလေး၊ ကျုပ်တို့သွားကြပါစို့'

ဟု ပြောလိုက်လေသည်။

* * *

လင်းနို့သခင်

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်ခြည်များ ထွက်ပေါ်လာခြင်းဖြစ်၏။

မိုးစင်စင်လင်းလာလေတော့သည်။

အချို့သောအိမ်များမှ ကလေးငိုသံ၊ ချောင်းဆိုးသံများ ထွက်ပေါ်လာ၏။

မကြာမီ တစ်မြို့လုံး သက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်၏။

လောက်တသည် ယနေ့တွင် ဝီရိယကောင်းစွာဖြင့် သူ၏ လက်ဖက်ရည်ဆိုင်ကို စောစောဖွင့်ခဲ့လေသည်။

ဆိုင်တံခါးဖွင့်လိုက်သည်နှင့် လူနှစ်ယောက် ရောက်ရှိနေသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

'ကြွပါဗျာ....ကြွပါ'

ထိုလူနှစ်ယောက်အား ဆိုင်ထဲသို့ဖိတ်ခေါ်ကာ လိုလေသေးမရှိ ဆောင်ရွက်ပေးလိုက်လေသည်။

လောက်တက ပြုံးရွှင်ပျူငှာသလောက် ထိုလူနှစ်ယောက်မှာ အေးတိအေးစက်ရှိနေကြသည်။

ထို့ကြောင့်ပင် လက်ဖက်ရည်နှင့်မုန့်များ ချပေးပြီးလျှင် လောက်တက ခပ်ဝေးဝေးနေလိုက်လေသည်။

ထိုလူနှစ်ယောက်မှာ မေဟွာနှင့်ရှမ်းကုံးချင်းတို့ ဖြစ်လေသည်။

သူတို့သည် ကျားတောင်ကုန်းမှ ပြန်လာခဲ့ကြပြီး စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။

အထူးသဖြင့် မေဟွာသည် စကားတစ်လုံးမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူမတွင် အရေးကြီးသော အကြောင်းတစ်စုံတစ်ရာရှိကြောင်း ရှမ်းကုံးချင်း နားလည်မိလေသည်။

ထို့ကြောင့်လည်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လိုက်လာခဲ့ခြင်းဖြစ်ပေသည်။



မေဟွာသည် လက်ဖက်ရည်နှင့်မုန့်များ စားသောက်လိုက်ပြီးမှ....

'သခင်မလေး အိမ်ပြန်နှင့်ပါ'

ဟု ပြောလာလေသည်။

ရှမ်းကုံးချင်းက....

'ကျွန်မအိမ်ပြန်ရမယ်ဟုတ်လား၊ ဒါဆိုဒေါ်လေးကရော'

မေဟွာက....

'ကျုပ်က လောလောဆယ် အိမ်ပြန်လို့မဖြစ်သေးဘူး'

'ရှင်'

ရှမ်းကုံးချင်း အံ့ဩသွားလေသည်။

'ဒေါ်လေးက ဘယ်ကိုသွားမလို့လဲ'

မေဟွာက....

'ကျုပ်က လူတစ်ယောက်ကို သွားရှာရဦးမယ်'

ရှမ်းကုံးချင်းက....

'ဘယ်သူများလဲ ကျွန်မ မသိရဘူးလား'

မေဟွား သက်ပြင်းချလိုက်လေသည်။

'သခင်မလေး အခုကိစ္စဟာ တော်တော့်ကို ခက်ခဲနက်နဲနေပြီ၊ ကျုပ်ကလုကျွန်းနဲ့ယှဉ်ပြိုင်ခဲ့ပေမယ့် လူတစ်ယောက်ကကြားဝင်တိုက်ခိုက်သွားခဲ့တယ်ဆိုတာကို သခင်မလေး တွေ့မြင်ခဲ့ရမှာပေါ့'

ရှမ်းကုန်းချင်းက....

'ဟုတ်တယ်၊ သူ့ကို ဘယ်သူကတိုက်ခိုက်သွားခဲ့တာလဲ ဘာကြောင့်လဲ'

မေဟွားက...,

'လုကျွန်းပြောခဲ့တဲ့စကားတွေကို သခင်မလေးလဲ ကြားမှာပေါ့'

'ဟုတ်ကဲ့ ကြားပါတယ် ဒေါ်လေး'

'ကျုပ်ရဲ့ လက်နက်ပုန်းပစ်ပညာဟာ အတော်လေးကို ကောင်းမွန်ပါတယ်၊ ပြိုင်ဘက်ကင်းတယ်လို့တောင် သိုင်းလောကသားတွေက သတ်မှတ်ထားကြပါတယ်၊ ဒါပေမယ့် ဒီကိစ္စဟာ လုံးဝမှန်ကန်တာတော့ မဟုတ်ပါဘူး'

'ဒါဖြင့် ဒေါ်လေးထက်တော်တဲ့လက်နက်ပုန်းဝိဇ္ဇာတစ်ယောက် ရှိနေသေးတယ်ဆိုတာတော့'



'ဟုတ်တယ်'

'အဲဒီလူက ဘယ်သူလဲ'

မေဟွား၏မျက်နှာ တည်ကြည်လေးနက်လာလေသည်။

'ကျုပ်ရဲ့ဆရာပဲ'

'ရှင်'

'ကျုပ်ဆရာရဲ့နာမည်ဟာ လင်းနို့သခင်လို့ခေါ်တယ်၊ လက်နက်ပုန်းပစ်ပညာနဲ့ပတ်သက်လာရင် သူ့ကို ဘယ်သူကမှ မယှဉ်နိုင်ကြဘူး၊ ကျုပ်ရဲ့ လက်နက်ပုန်းပစ်ပညာကောင်းမွန်နေတယ်ဆိုတာကလဲ ဆရာ့ဆီက သင်ယူခဲ့ရလို့ပဲ၊ ဒါတောင် ကျုပ်ဟာ ဆရာရဲ့ပညာ သုံးပုံတစ်ပုံလောက်ကိုပဲ ရရှိခဲ့တာပါ'

ရှမ်းကုန်းချင်းက....

'ဒေါ်လေးရဲ့ဆရာအကြောင်း ကျွန်မလဲမသိခဲ့ရပါလား၊ ဒေါ်လေး ဘာကြောင့်အစောကြီးကတည်းက ပြောမပြခဲ့တာလဲ'

အကြောင်းတစ်ခုခုကြောင့် လျှို့ဝှက်ထားခြင်းဖြစ်ရမည်ဟု ဆင်ခြင်မိသာထား မေးလိုက်ခြင်းဖြစ်လေသည်။

မေဟွာ:က….

'ပြောမပြဘူးဆိုတာ သခင်ကြီးက ဒီအကြောင်းတွေ ဘယ်သူ့ကိုမှပြောမပြရဘူးလို့ တားမြစ်ထားခဲ့လို့ပါသခင်မလေး'

ရှမ်းကုံးချင်း အံ့ဩသွားလေသည်။

'ဘယ်သူ့ကိုမှပြောမပြရဘူးလို့ ဖေဖေကတားမြစ်ထား တယ်ဟုတ်လား သခင်မလေး'

'ဟုတ်ပါတယ်'

'ဘာကြောင့်များ ဒီလိုတားမြစ်ထားရတာလဲ'

မေဟွာ:က…

'ကျုပ်ရဲ့ဆရာဟာ တစ်ချိန်က သိုင်းလောကမှာ နာမည်ပျက်ရှိခဲ့ဖူးတဲ့လူဆိုးကြီးတစ်ယောက်ဖြစ်နေလို့ပါပဲ'

ရှမ်းကုံးချင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

မေဟွာ:က ဆက်ပြောသည်။

'ကျုပ်ဆရာကို သိုင်းလောကသားတွေက လင်းနို့သခင်လို့ ခေါ်ကြတယ်၊ ဘာကြောင့်လဲဆိုရင် သူဟာမျက်မမြင်တစ်ယောက်ဖြစ်နေလို့ပဲ'



'ခြောင်'

'မျက်မမြင်တစ်ယောက်ဖြစ်လို့လဲသူ့ရဲ့အကြားအာရုံဟာ သူတစ်ပါးထက်ပိုပြီးထက်မြက်နေတယ်၊ သူဟာလိုဏ်ဂူတစ်ခုထဲမှာ နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး လက်နက်ပုန်းပစ်ပညာကို လေ့ကျင့်တီထွင်ခဲ့တယ်၊ သူ့ကို လင်းနို့သခင်ကြီးလို့ခေါ်ကြသလို သူအဓိကထားပြီး အသုံးပြုတဲ့ ပညာတော့ လင်းနို့လက်နက်ပုန်းပညာပဲ'

ရှမ်းကုံးချင်းက….

'လင်းနို့လက်နက်ပုန်းဆိုတော့ အတော့်ကို ထူးခြားမှာပေါ့နော်'

ဟု ပြောလေသည်။

မေဟွာ:က….

'လုကျင်းကိုတိုက်ခိုက်သွားတဲ့ လက်နက်ပုန်းလေးတွေကိုပဲကြည့်ပါလား၊ ဒါဟာ လင်းနို့လက်နက်ပုန်းနှစ်ခုကိုအသုံးပြုလိုက်တာပဲ'

ရှမ်းကုံးချင်းသည် လုကျင်းကိုတိုက်ခိုက်သွားသည့် လက်နက်ပုန်းနှစ်ခုကို ပြန်လည် မြင်ယောင်လာလေသည်။

ထိုလက်နက်ပုန်းလေးများသည် သက်ရှိ သတ္တဝါများ အလွားထင်ရလေသည်။

လက်နက်ပုန်းနှင့်မတူဘဲ ပုံသန့်လာသောဝှက်နှစ်ကောင်နှင့် ပိုတူသည်။

တိုက်ခိုက်ပြီးသည်နှင့် ချက်ချင်း ပြန်လည် ပျောက်ကွယ်သွားခဲ့ကြလေသည်။

မည်သို့သောသတ္တဝါကတိုက်ခိုက်ခဲ့သည်ကို သူမ မသိနိုင်ဘဲ ဖြစ်ခဲ့ရသလို အံ့ဩ ထိတ်လန့်မိခဲ့လေသည်။

မဟ္သွားက....

'လင်းနို့နှစ်ကောင်ထွက်ပေါ်လာရင် ဘယ်သူမှ မခုခံနိုင်ကြဘူးလို့အဆိုရှိတယ်၊ ခုတော့....'

ရှမ်းကုံးချင်းက...

'အစ်ကိုယင်ကျွင်းရဲ့ကိုစွဲထဲမှာ ဒေါ်လေးရဲ့ဆရာက ဘာကြောင့်များ ဝင်ပါလာရတာလဲ'

ဟု မေးလိုက်လေသည်။

မဟ္သွားက....

'အဲဒါ ခက်တာပေါ့၊ တစ်ခုပဲရှိတယ်၊ ယင်ကျွင်းဟာ နောက်ကြောင်းမရှင်းတဲ့ လျှို့ဝှက်ချက်တစ်ခုရှိနေလို့မယ်'



ရှမ်းကုံးချင်း၏ရင်ထဲ လေးလံလာလေတော့သည်။

'အစ်ကိုယင်ကျွင်းမှာ ဘယ်လိုလျှို့ဝှက်ချက်တွေများ ရှိနေလို့လဲ'

ဟု ရေရွတ်လိုက်လေသည်။

သူမသည် ယင်ကျွင်းမှာ သာမန်ရသေ့ဟန် ဆောင်ထားသူ တစ်ယောက်ဟုသာ သဘောထားခဲ့လေသည်။

ယင်ကျွင်းက ရန်သူများ ရှိနေခဲ့သည်ဟု ပြောခဲ့သော်လည်း သူမ သာမန်မျှသာ သဘောထားခဲ့လေသည်။

ယခုတော့....

ရှမ်းကုံးချင်းသည် မေဟ္သွားကို ကြည့်လိုက်ပြီး...

'အစ်ကိုယင်ကျွင်းကိုဖမ်းဆီးဖို့ ဒေါ်လေးဆရာက စီစဉ်ခဲ့တယ်လို့ ပြောလို့ရမလား'

ဟု မေးလိုက်လေသည်။

မေဟ္သွား ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်နိုင်ဘူး၊ ဆရာဟာ ဒီကိစ္စမှာ ဘယ်လိုနေရာက ပါဝင်ခဲ့တယ်ဆိုတာ ပြောလို့မရသေးဘူး'

'ဒါဖြင့် ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ'

မေဟွာ:က....

'သခင်မ လေးအိမ်ပြန်ပါ၊ ဒါမှ ကျုပ်စိတ်ချနိုင်မယ်'

'ဒေါ်လေးကရော'

'ကျုပ်ကတော့ ဆရာ့ကိုသွားတွေ့လိုက်မယ်'

ရှမ်းကုံးချင်းက....

'ကျွန်မလဲ လိုက်မယ်လေ'

မေဟွာ: ခေါင်းခါယမ်းလိုက်လေသည်။

'သခင်မလေး လိုက်လို့မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'အန္တရာယ်များလို့ပါ၊ ကျွားတောင်ကုန်းမှာ ဖြစ်ပျက်ခဲ့တာကိုပဲကြည့်ပါ၊ ကျုပ်က လူကျင်းနဲ့ အေးအေးဆေးဆေး ဆွေးနွေးမယ်လို့ ကြံရွယ်ထားပါတယ်၊ ဒါပေမယ့် သခင်မလေးက လိုက်လာတာကြောင့် အခြေအနေတွေ ဘယ်လောက် ရှုပ်ထွေးသွားခဲ့တယ်ဆိုတာကို သခင်မလေးအသိပဲ'



ရှမ်းကုံးချင်းက....

'ကျွန်မက ဒေါ်လေးရဲ့စကားကို နားထောင်မယ် ဆိုရင်ရော'

မေဟွာ: သက်ပြင်းချလိုက်လေသည်။

'မဖြစ်ပါဘူး၊ သခင်မလေးရယ်၊ ကျုပ် သွားရမယ့်ခရီးဟာ ကျွားတောင်ကုန်းလို မဟုတ်ဘူး၊ ပိုပြီးနက်နဲရှုပ်ထွေးတယ်၊ အန္တရာယ်များတယ်'

ရှမ်းကုံးချင်းက....

'ကျွန်မလိုက်မှ ဖြစ်မယ်'

'သခင်မလေး'

'အစ်ကိုယင်ကျစ်းကို ကယ်ထင်တဲ့နေရာမှာ ကျွန်မကဘေး က လက်ပိုက်ကြည့်နေလို့ သင့်တော်ပါ့မလား၊ ကျွန်မတို့ အခြေအနေကို ဒေါ်လေးလဲသိသားပဲ၊ အစ်ကို ယင်ကျင်း တစ်စုံတစ်ခုဖြစ်သွားမှာကို ကျွန်မ မလိုလားဘူး'

'သခင်မလေးလိုက်ခဲ့ရင် ပိုပြီး ရှုပ်ထွေးသွားလိမ့်မယ်ဆိုတာကိုရော ထည့်တွက်မိရဲ့လား'

'စိတ်ချပါ၊ ကျွန်မ ဒေါ်လေးစကား နားထောင်ပါမယ်'

'ခက်တာပဲ'

မေဟွား ညည်းတွားလိုက်လေသည်။

သူမသည် ရှမ်းကုံးချင်းအား တစ်ချက်ကြည့်လိုက်ပြီး...

'သခင်မလေးသာ တစ်စုံတစ်ခုဖြစ်သွားမယ်ဆိုရင် သခင်ကြီးကကျုပ်ကို အပြစ်ပေး အရေးယူလိမ့်မယ်ဆိုတာရော တွက်မိရဲ့လား'

ရှမ်းကုံးချင်းက...

'ကိစ္စမရှိဘူး၊ ဖေဖေမဆူအောင် ကျွန်မပြောပေးပါ့မယ်၊ ကျွန်မတာဝန်ယူပါတယ်'

မေဟွားက...

'သခင်မလေး'

'ကျွန်မ လိုက်ခဲ့ပါရစေဒေါ်လေး'

ရှမ်းကုံးချင်းက အသနားခံနေသဖြင့် မေဟွား ဘာမှ မတတ်နိုင်တော့ပါချေ။



နောက်ဆုံး သူမပင် အလျှော့ပေးလိုက်ရလေသည်။

'ကောင်းပြီလေ၊ သခင်မလေးလိုက်ခဲ့မယ်ဆိုရင် ကျုပ်ရဲ့စကားကို နားထောင်ရမယ်နော်'

'စိတ်ချပါဒေါ်လေး'

ရှမ်းကုံးချင်း ဝမ်းသာသွားလေသည်။

သူတို့သည် စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်ကြသည်။

ထို့နောက် စားသောက်ဆိုင်ထဲမှထွက်လာခဲ့ကြလေသည်။

ဆိုင်အပြင်ဘက်ရောက်လျှင်...

'ကျွန်မတို့ ဘယ်ကိုသွားကြမလဲဟင်'

ဟု ရှမ်းကုံးချင်းက မေးလိုက်လေသည်။

မေဟွားက...

'ဆရာနေတဲ့ လင်းနို့ဂူကိုသွားကြမယ်၊ ဆရာ့ကိုတွေ့ရပြီဆိုရင် ဒီကိစ္စတွေ ရှင်းရှင်းလင်းလင်းဖြစ်သွားမှာပဲ'

ရှမ်းကုံးချင်း ကျေနပ်သွားလေသည်။

လင်းနို့ဝူ ရည်သည့်နေရာ၌ရှိသည်ကို မမေးတော့ပါ။

မေဟွားက သူမအား ခေါ်သွားလိမ့်မည်မဟုတ်ပါလား။

သူတို့နှစ်ယောက်ထွက်ခွာသွားရန် ဟန်ပြင်လိုက်စဉ် လူတစ်ယောက်က လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

လူတစ်ယောက်....

ထိုလူသည် ရှမ်းကုန်းချင်းတို့ထံသို့ လှမ်းလာလေသည်။

မေဟွားက ရှေ့သို့လှမ်းထွက်လိုက်သည်။

ရှမ်းကုန်းချင်း၏ရှေ့မှ အကာအကွယ်ပေးထားသည့်သဘောဖြစ်လေသည်။

ထိုလူသည် ရှမ်းကုန်းချင်းတို့နှင့်မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်လေသည်။



ရှမ်းကုန်းချင်းက ထိုလူအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ဦးခေါင်းရိပ်တည်ကြည်ခန့်ညားပြီး စာပေသမားတစ်ယောက်အသွင်ရှိလေသည်။

ထိုလူသည် မေဟွားကိုပြုံးပြရင်း....

'ကျုပ်ကို မမှတ်မိတော့ဘူးလားဗျာ'

ဟု မေးလာလေသည်။

မေဟွား မျက်မှောင်ကြုတ်သွားပြီး....

'ရှင်က'

ထိုလူက....

'ကျုပ်က စာပေကဗျာသန်းဖုံးပါ၊ အိုရန်ကျုံးရဲ့မိတ်ဆွေတစ်ယောက်ပါဗျာ၊ ကျုပ်တို့ လွန်ခဲ့တဲ့သုံးနှစ်က ဟန်ကြူးမြို့မှာ တွေ့ခဲ့ကြဖူးပါတယ်'

ထိုစကားကြားမှ မေဟွား မှတ်မိသွားလေတော့သည်။

'အို....ဟုတ်သားပဲ၊ ကျွန်မလဲ စိတ်ရှုပ်ထွေးနေတာနဲ့ ရှတ်တရက် မမှတ်မိအောင်ဖြစ်သွားတယ်၊ စိတ်မဆိုးပါနဲ့ရှင်'

ဟု တောင်းပန်လိုက်လေသည်။

သန်းဖုံးက....

'ခင်ဗျားတို့ဟာ ကျွားတောင်ကုန်းက ပြန်လာခဲ့ကြတာ မဟုတ်လား'

ဟု မေးလေသည်။

မေဟွား အံ့သြသွားလေသည်။

'ကျွန်မတို့အကြောင်းကို ရှင် ဘယ်လိုလုပ်ပြီးသိနေတာလဲ'

သန်းဖုံးက ရယ်မောလိုက်လေသည်။

'ကျုပ်က ကျွားတောင်ကုန်းပိုင်ရှင်လုကျောင်းနဲ့လဲ ခင်မင်ရင်းနှီးပါတယ်၊ ဒါကြောင့် ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို သိထားပြီးပါပြီ'

မေဟွားက....

'လက်စသတ်တော့ ရှင်ဟာ ကျွန်မတို့အကြောင်း သိနေတာကိုး'



'ဟုတ်ပါတယ်ဗျာ၊ ကိုယ့်ရဲ့မိတ်ဆွေရင်းချာတွေဆိုတော့ ကူညီချင်လို့ပါ'

မေဟွားက....

'ကျွန်မတို့ကို ဘယ်လိုကူညီချင်တာလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်လေသည်။

သန်းဖုံးက....

'ခင်ဗျားတို့လိုက်ရှာနေတဲ့လူကို ဘယ်သူက ဖမ်းဆီးသွားသလဲဆိုတာ ကျုပ်တို့သိထားပါတယ်'

ရှမ်းကုံးချင်းက....

'ဘယ်သူက ဖမ်းသွားတာလဲရှင်'

ဟု ကြားဝင်မေးလိုက်လေသည်။

မေဟွားက....

'အဲဒီလူဟာ လင်းနို့သခင်နဲ့ ပတ်သက်နေတယ်ဆိုတာ ကျွန်မ သိထားပြီးပါပြီ'

ဟု ပြောလိုက်လေသည်။

သန်းဖုံးက....

'မဟုတ်ပါဘူးဗျာ၊ ဒီကိစ္စမှာ လင်းနို့သခင်ဟာ ပါဝင်ပတ်သက်နေတယ်ဆိုပေမယ့် သူ့နောက်ကွယ်ကနေပြီး ကြိုးကိုင်လှုပ်ရှားနေကြသူတွေ ရှိနေကြပါသေးတယ်'

'ဘယ်သူတွေများလဲ'

'သိချင်ရင် ကျုပ်နောက်ကိုလိုက်ခဲ့ပါ'

စကားဆုံးလျှင် သန်းဖုံးသည် ချာခနဲလှည့်ထွက်သွားလေသည်။

မေဟွားနှင့်ရှမ်းကုံးချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်ဒေါ် ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလေသည်။

မေဟွားသည် အနည်းငယ်စဉ်းစားလိုက်ပြီး....



'ကျားဖမ်းမယ်ဆိုရင် ကျားဂူထဲကို ဝင်ရမှာပဲမဟုတ်လား၊ ဒီတော့ ကျုပ်တို့က လိုက်သွားကြတာအကောင်းဆုံးပဲ'

'ဒေါ်ဒေါ့်သဘောပဲလေ'

'ဒါဖြင့် သွားကြစို့'

သူတို့သည် သန်းဖုံးနောက်သို့ လိုက်ပါသွားကြလေတော့သည်။

* * *

မြို့စွန်တစ်နေရာ။

မြို့စွန်တွင် အိမ်ကလေးတစ်လုံးရှိလေသည်။

မေဟွားနှင့်ရှမ်းကုံးချင်းတို့သည် သန်းဖိုးနောက်သို့လိုက်သွားကြရင်း မြို့စွန်ရှိအိမ်ကလေးတစ်လုံးသို့ ရောက်ရှိသွားကြ၏။

'အိမ်ထဲဝင်ပါဗျာ'

သန်းဖိုးက ဖိတ်ခေါ်လေသည်။

မေဟွားနှင့် ရှမ်းကုံးချင်းတို့လည်း လှမ်းဝင်လိုက်ကြလေသည်။

အိမ်ထဲသို့ရောက်သွားလျှင် လူသုံးယောက်က စားပွဲတစ်လုံး၌ထိုင်ကာ အသင့်စောင့်ကြိုနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

မေဟွားနှင့်ရှမ်းကုံးချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှမ်းကုံးချင်းက...

'ဖြစ်ပါ့မလားဒေါ်လေး'

ဟု မေးလိုက်လေသည်။

မေဟွားက....

'ဘာမှမပူနဲ့၊ အခြေအနေစောင့်ကြည့်သေးတာပေါ့'

ဟု တိုးတိုးပြောလေသည်။

'ထိုင်ပါဗျာ'

သန်းဖိုးက နေရာထိုင်ခင်းပေးလိုက်လေသည်။

မေဟွားနှင့် ရှမ်းကုံးချင်းတို့က နေရာယူလိုက်ကြသည်။

စားပွဲတွင် ကြိုတင်ထိုင်နေသူနှင့် လူသုံးယောက်က မေဟွားတို့အား အကဲခတ်ကြည့်နေပြီး စကားတစ်လုံးမျှ မပြောကြပါချေ။

သန်းဖိုးက....



'မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီလူသုံးယောက်ဟာ စင်ကျန်နယ်က လာတဲ့မိတ်ဆွေတွေပါ'

ဟု မိတ်ဆက်ပေးလာလေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က...

'ကျုပ်ဟာ စင်ကျန်နယ်စားကြီးရဲ့ လူယုံတော်ဝမ်းကိုးပါဗျာ၊ ရှမ်းကုံးခြံဝင်းက လူတွေကိုတွေ့ရတာ ဝမ်းသာပါတယ်'

ဟု ပြောလာလေသည်။

မေဟွားကလည်း ဦးညွှတ်လိုက်သည်။

'ကျွန်မက မေဟွားပါ၊ ဒါကတော့ သခင်မလေးရှမ်းကုံးချင်းပါ၊ စင်ကျန်နယ်စားကြီးရဲ့ လူယုံတော်တစ်ယောက်နဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်'

ဝမ်းကိုးက....

'ကျုပ်တို့ကလဲ ဝမ်းသာပါတယ်၊ ရှမ်းကုံးခြံဝင်းကိုလဲ လေးစားပါတယ်၊ ဒါပေမယ့် စင်ကျန်နယ်ရဲ့ ကိစ္စမှာ ရှမ်းကုံးခြံဝင်း မပါဝင်စေချင်ပါဘူး၊ အနူးအညွတ်တောင်းပန်ပါတယ်ဗျာ'

ဟု ပြောလာလေသည်။

မေဟွားက ကြောင်အမ်းအမ်းဖြင့်....

'စင်ကျန်နယ်ရဲ့ ကိစ္စမှာ ကျွန်မတို့ ရှမ်းကုံးခြံဝင်းဟာ ဘယ်လိုများ ပါဝင်ပတ်သက်နေမိလို့လဲဆိုတာ နားမလည်နိုင်အောင် ဖြစ်နေပါတယ်၊ ကျေးဇူးပြုပြီး ပြောပြပါလား ရှင်'

ဟု မေးလိုက်လေသည်။

ဝမ်းကိုးက....

'တခြားတော့မဟုတ်ပါဘူး၊ မင်းသားလေးယင်ကျင်းရဲ့ ကိစ္စပါဗျာ'

'မင်းသားလေးယင်ကျင်း'

'ဟုတ်ပါတယ်ဗျာ'

မေဟွားနှင့်ရှမ်းကုံးချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ဝမ်းကိုးက....

'မင်းသားလေးယင်ကျင်းဟာ စင်ကျန်နယ်ကပျောက်ဆုံးသွားခဲ့တာ အတော်ကြာသွားပါပြီ၊ ခုတော့သူဘယ်မှာရှိတယ်



ဆိုတာကို ခြေရာခံမိပါပြီ၊ ဒီကိစ္စဟာ ရှမ်းကုံးခြံဝင်းအပြင် သိုင်းလောကသားတွေပါ ပါဝင်ပတ်သက်နေကြတာမို့ ကျုပ်က တောင်းပန်နေတာပါ'

မေဟွားက....

'ယင်ကျင်းက ရှင်တို့နဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပါဦး'

ဟု မေးလိုက်လေသည်။

ဝမ်းကိုးက....

'မင်းသားလေးနောက်ကိုဆက်မြီးမလိုက်ဘဲ နေကြဖို့ပါပဲ'

ဟု ပြောလေသည်။

ရှမ်းကုံးချင်း လက်မခံနိုင်ပါချေ။

'မဖြစ်ဘူး၊ အစ်ကိုယင်ကျင်းကို ကျွန်မတွေ့ရမှဖြစ်မယ်ရှင့်'

သူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

ဝမ်းကိုးသက်ပြင်းချလိုက်လေသည်။

'ဝမ်းနည်းပါတယ်ဗျာ၊ မင်းသားလေးနဲ့ တွေ့ခွင့်မရနိုင်တော့ပါဘူး၊ တကယ်လို့ တွေ့ဖို့ဆက်ကြိုးစားမယ်ဆိုရင် ဝမ်းနည်းစရာတွေ ဖြစ်လာပါလိမ့်မယ်'

ရှမ်းကုံးချင်း ခံပြင်းသွားလေသည်။

'အစ်ကိုယင်ကျော်အတွက် ကျွန်မရဲ့အသက်ကို စွန့်လွှတ်ရမယ်ဆိုရင်လဲ ကျွန်မတယ်တော့မှ ဝမ်းနည်းမှာမဟုတ်ပါဘူး'

ဝမ်းကိုး မကျေမနပ်ဖြစ်သွားလေသည်။

'မိန်းကလေး၊ မင်းသားလေးဟာ ကံမကောင်းအကြောင်းမလှလို့ သိုင်းလောကထဲကိုရောက်လာခဲ့တာပါ၊ သူဟာ သိုင်းလောကသားတွေနဲ့ပတ်သက်စရာ အကြောင်းလုံးဝမရှိပါဘူး၊ မင်းသားလေးကို မျှော်လင့်နေရင် အမှားကြီး မှားသွားပါလိမ့်မယ်'

ရှမ်းကုံးချင်း ထိုင်ရာမှထလိုက်လေသည်။

'စိတ်ချ၊ ကျွန်မကလဲ အစ်ကိုယင်ကျော်ကို မတွေ့တွေ့အောင်ရှာမှာပဲ၊ စင်ကျန်နယ်ကိုတောင် လိုက်သင့်ရင် လိုက်သွားရလိမ့်မယ်'

အခြေအနေကား တင်းမာသွားလေတော့သည်။

မေဟွားက ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေသည်။

မမျှော်လင့်သော အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်လိုက်ရသည်မဟုတ်ပါလား။



သန်းဖုံးက....

'ခဏနေကြပါဦးဗျာ'

ဟု ကြားဝင်ပြောလိုက်လေသည်။

ဝမ်းကိုးက....

'ပြောပါမိတ်ဆွေ'

သန်းဖုံးက....

'ရှမ်းကုံးခြံဝင်းသခင်မလေးနဲ့ မင်းသားလေး ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပြပါလားဗျာ'

ဟု မေးလိုက်လေသည်။

မေဟွားက ရှမ်းကုံးချင်းကိုကြည့်လိုက်လေသည်။

ရှမ်းကုံးချင်းက....

'ကျွန်မတို့ဟာ ချစ်သူတွေပါရှင်'

ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေသည်။

'ဟင်'

'ဟာ'

သူမ၏စကားကြားရသောအခါ သန်းဖိုးနှင့် ဝမ်းကိုးတို့ တအံ့တသြ ဖြစ်သွားကြလေသည်။

ဝမ်းကိုးကမနေနိုင်တော့ဘဲ ထိုင်ရာမှထလိုက်လေသည်။

ရှမ်းကုန်းချင်းကို စိုက်ကြည့်ရင်း....

'မိန်းကလေး၊ မင်းဘယ်လိုပြောလိုက်တာလဲ'

ဟု မေးလိုက်လေသည်။

ရှမ်းကုန်းချင်းက....

'ကျွန်မနဲ့ အစ်ကိုယင်ကျော်းကို ခွဲတဲ့လူဟာ ကျွန်မရဲ့ ရန်သူပဲ'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

ဝမ်းကိုး ရှုံးရှုံးရှားရှား ဖြစ်သွားတော့သည်။

ထိုင်နေကြသည့် သူ၏ အဖော်နှစ်ယောက်ကို ကြည့်လိုက်ပြီး...

'ကျုပ်တို့ သွားကြစို့'

ဟု ပြောလိုက်လေသည်။



သန်းဖိုးက....

'မိတ်ဆွေတို့၊ ခဏနေပါဦးဗျာ'

ဟု တားမြစ်လိုက်လေသည်။

ဝမ်းကိုးက...

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ကို ညှိနှိုင်းပေးဖို့ မစဉ်းစားပါနဲ့တော့၊ ကဲ....ကျုပ်တို့ကိုခွင့်ပြုပါဦး'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

သူ၏ အဖော်နှစ်ယောက်လည်း လိုက်သွားကြလေသည်။

သူတို့အား ဟန့်တားရှိမရနိုင်မှန်းရိပ်မိသဖြင့် သန်းဖိုးတလက်ပိုက် ကြည့်နေလိုက်လေသည်။

ဝမ်းကိုးတို့သည် အိမ်ထဲမှ ခြေသံပြင်းပြင်း နင်းကာ ထွက်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

ဝမ်းကိုးတို့ ထွက်သွားကြပြီဖြစ်လေသည်။

သန်းဖိုး သက်ပြင်းချလိုက်လေသည်။

မေဟွားဘက်သို့လှည့်ကာ....

'ခုလိုဖြစ်ရတာကို ကျုပ်စိတ်မကောင်းပါဘူး၊ တကယ်ဆိုရင် ကျုပ်က နှစ်ဦးနှစ်ဖက် ပြေလည်အောင်ညှိနှိုင်းပေးဖို့ စီစဉ်ထားတာပါ'

ဟု ပြောလေသည်။

မေဟွားက....

'ရှင်က သူတို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ ပြောပါဦး ရှင်'

ဟု မေးလိုက်လေသည်။

ဝမ်းကိုးက....

'သူတို့ဟာ စင်ကျန်နယ်စားကြီးရဲ့လူတွေပါ၊ သိုင်းလောကထဲကို ဆင်းလာကြပြီး မင်းသားလေး ယင်ကျင်းကို လာရှာကြတာပါ'

ရှမ်းကုံးချင်းက....



'ယင်ကျင်းဟာ မင်းသားလေးတစ်ယောက် ဟုတ်လား'

ဟု မေးလိုက်လေသည်။

သန်းဖိုးက....

'ဟုတ်ပါတယ်၊ ယင်ကျင်းဟာ စင်ကျန် နယ်စားကြီးရဲ့ သားတော်လေးတစ်ပါးဖြစ်ပါတယ်၊ စင်ကျန်နယ်မှာလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပြဿနာတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်'

မေဟွားနှင့် ရှမ်းကုံးချင်းတို့က စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

သန်းဖိုးက ဆက်ပြောလေသည်။

'စင်ကျန်နယ်မှာ နယ်စားကြီး ကွယ်လွန်သွားတဲ့အခါမှာ သားတော်နှစ်ပါးဟာ အချင်းချင်း မသင့်မမြတ်ဖြစ်ပြီး နယ်စားကြီးရာထူးကို လုယူဖို့ကြိုးစားခဲ့ကြတယ်၊ သားကြီးမှာ သားစုရှိတယ်၊ သားတစ်ယောက်ရှိတယ်၊ အဲဒီသားတော်လေးဟာ ယင်ကျင်းပဲဖြစ်တယ်'

မေဟွားနှင့်ရှမ်းကုံးချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ယင်ကျင်းသည် သာမန်လူတစ်ယောက်မဟုတ်ဘဲ စင်ကျန်နယ်စားကြီး၏ သားတော်လေးတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရပြီမဟုတ်ပါလား။

သန်းဖုံးက....

'သားတော်ကြီးဟာ ညီတော်နဲ့အချင်းများခဲ့ပေမယ့် ညီဖြစ်သူကိုချစ်မြတ်နိုးတဲ့အတွက် အလျှော့ပေးခဲ့တယ်၊ မိသားစုကိုခေါ်ပြီး တောတောင်ထဲကို ရှောင်တိမ်းသွားခဲ့တယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲရှင်'

ရှမ်းကုံးချင်းက ကြားဝင်မေးလိုက်လေသည်။

သန်းဖုံးက....

'ဒါပေမယ့် ညီတော်ရဲ့လူအချို့ဟာ အစ်ကိုတော်ရှိရင် တစ်နေ့ဒုက္ခပေးမှာကို စိုးရိမ်ပူပန်ပြီး ညီတော်မသိအောင် အစ်ကိုတော်ကို လုပ်ကြံဖို့ကြိုးစားခဲ့ကြတယ်'

'ဒါကတော့ ဘယ်ကောင်းပါ့မလဲ'

ရှမ်းကုံးချင်းက ပြောလိုက်ခြင်းဖြစ်လေသည်။



သန်းဖုံးက....

'ဟုတ်ပါတယ်၊ ဒီကိစ္စကို အစ်ကိုတော်ဟာ လုံးဝမသိခဲ့ပါဘူး၊ အစ်ကိုတော်ရဲ့မိသားစုနဲ့ အခြွေအရံတွေ လုပ်ကြံခံရပြီးမှ သိသွားခဲ့တာပါ၊ ညီတော်ဟာ အစ်ကိုတော်ရဲ့စေတနာကိုလဲ ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားခဲ့ပါတယ်၊ သူဟာ အစ်ကိုတော်အတွက် အကျိုးဆောင်ချင်ပေမယ့် နောက်ကျသွားပြီဖြစ်လို့ ယူကျုံးမရဖြစ်ခဲ့ပါတယ်၊ အစ်ကိုတော်ကို လုပ်ကြံခဲ့တဲ့လူတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူခဲ့ပါတယ်၊ အချို့အဖမ်းခံရပြီး ကွပ်မျက်ခံရတယ်၊ အချို့တော့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြတယ်၊ သူတို့ဟာ သိုင်းလောကထဲဆင်းလာပြီး သိုင်းသမားဆိုးတွေနဲ့ပေါင်းပြီး ညီတော်ကိုဒုက္ခပေးဖို့ ကြံစည်နေကြမှန်းပြီလေ'

ရှမ်းကုံးချင်းက....

'ဒါဆိုရင် အစ်ကိုယင်ကျင်းကရော'

ဟု မေးလိုက်လေသည်။

သန်းဖုံးက....

'မင်းသားလေးဟာ အစ်ကိုတော်လုပ်ကြံခံရတဲ့အချိန်မှာ သစ္စာရှိလူယုံတွေရဲ့ကယ်တင်မှုကြောင့် လွတ်မြောက်သွားခဲ့ပါတယ်၊ ခုတော့ မင်းသားလေးကို ခြေရာခံမိသွားကြပါပြီ'

မေဟွားက....

'ညီတော်အတွက် အစ်ကိုတော်ကို လုပ်ကြံခဲ့တဲ့လူတွေဟာ သိုင်းလောကထဲရောက်လာခဲ့ပြီး သိုင်းသမားဆိုးတွေနဲ့ ပေါင်းမိခဲ့တယ်ဆိုတော့ ထင်းနို့ ဝိဇ္ဇာနဲ့ ပူးပေါင်းမိတယ်ထင်ပါရဲ့'

သန်းဖုံးက....

'ဟုတ်တယ်၊ ထင်းနို့ ဝိဇ္ဇာ ဒီကိစ္စထဲမှာ ဘယ်လိုအကြောင်းကြောင့် ဝင်ပါခဲ့ရသလဲဆိုတာတော့ ကျုပ်မသိဘူး၊ ကျုပ်သိထားတာတစ်ခုကတော့ အစ်ကိုတော်ကို လုပ်ကြံခဲ့တဲ့လူတွေဟာ အစ်ကိုတော်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာအတော်များများကိုပါ လုယက်သွားခဲ့ကြတယ်၊ သူတို့မှာ ငွေအမြောက်အမြား ရှိနေတယ်ဆိုတော့'

မေဟွားက....

'သူတို့က သိုင်းသမားဆိုးတွေကို ငွေပေးပြီး စေခိုင်းခဲ့ကြတယ်ဆိုပါတော့'

'ဒီလိုပဲဖြစ်နိုင်ပါတယ်'

မေဟွားက....

'ကောင်းပြီ၊ ဒီကိစ္စထဲမှာ ရှင်ကရော ဘယ်လိုပါဝင်ပတ်သက်ခဲ့တာလဲဆိုတာ ရှင်းပြပါဦး'



ဟု မေးလိုက်လေသည်။

သန်းဖုံးက....

'အစ်ကိုတော်ကို လုပ်ကြံခဲ့သူတွေဟာ သိုင်းလောကထဲ ရောက်လာပြီး သိုင်းသမားဆိုးတွေနဲ့ ပူးပေါင်းခဲ့ကြတယ်ဆိုတာရော အစ်ကိုတော်ရဲ့သား မင်းသားလေးယင်ကျင်းဟာ အသက်ထင်ရှားရှိနေသေးတယ်ဆိုတာရော ဒီသတင်းတွေကို ညီတော်က သိရှိသွားခဲ့တယ်၊ ဒါကြောင့် မင်းသားလေး ယင်ကျင်းကိုကူညီဖို့ အဖြူရောင်သိုင်းသမားတွေကို အကူအညီ တောင်းခဲ့တယ်'

မေဟွားက....

'ကျွန်မသဘောပေါက်ပြီ၊ မင်းသားလေးယင်ကျင်းအတွက် အဖြူရောင်သိုင်းသမားတွေနဲ့ အနက်ရောင်သိုင်းသမားတွေ ထိပ်တိုက်တွေ့ကြတော့မယ်ဆိုတဲ့ သဘောပေါ့'

သန်းဖုံးက....

'ဟုတ်ပါတယ်၊ ကျုပ်ကလဲ ညီတော်ဘက်က ပါဝင်ကူညီမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဘာကြောင့်လဲဆိုရင် အရင်က စင်ကျန်နယ်စားကြီးဟာ သိုင်းလောကအပေါ်မှာ ကျေးဇူးရှိခဲ့ဖူးပါတယ်၊ ခင်ဗျားလဲသိမှာပါ'

မေဟွား မျက်မှောင်ကြုတ်သွားလေသည်။

'သိုင်းလောကအပေါ် ကျေးဇူးရှိတယ်'

'ဟုတ်တယ်၊ သိုင်းလောကမှာ အရိုးဖြူနတ်ဆိုးဆိုတဲ့ သိုင်းသမားဆိုးတစ်ယောက်ပေါ်ပေါက်လာပြီး ဒုက္ခပေးခဲ့တဲ့ အချိန်မှာ သိုင်းလောကတစ်ခုလုံး ဖရိုဖရဲဖြစ်ခဲ့ကြရတယ်၊ အရိုးဖြူနတ်ဆိုးကြောင့် သိုင်းလောက ပျက်စီးမလိုဖြစ်ခဲ့ရတယ်၊ ဒီအချိန်မှာ စင်ကျုန်နယ်စားကြီးကသာ ဝင်ပြီးမကူညီခဲ့ဘူးဆိုရင် သိုင်းလောက ပျက်စီးသွားရမှာသေချာပါတယ်'

မေဟွား သက်ပြင်းချလိုက်လေသည်။

'ကျွန်မ မှတ်မိပြီ၊ အရိုးဖြူနတ်ဆိုးဟာ အဖေတော့်ကိုဆိုးခဲ့တာပဲ၊ သိုင်းလောကက အနက်ရောင်သိုင်းသမားတွေဟာလဲ သူ့ဘက်မှာ ပါဝင်ခဲ့ကြတာကြောင့် အဖေတော့်ကို အခြေအနေဆိုးခဲ့တာပေါ့၊ ဒီအချိန်မှာ တယ်တင်ရှင်သိုင်းသမားတစ်ယောက်ပေါ်လာခဲ့တယ်၊ သူ့ကို အားလုံးက ကျေးဇူးတင်ခဲ့ကြတယ်၊ သူဟာ စင်ကျုန်နယ်စားကြီးဆိုတာ နောက်မှ သိခဲ့ကြရတယ်'

သန်းဖုံးက....

'စင်ကျုန်နယ်စားကြီးရဲ့ သားနှစ်ယောက် ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာဟာ ပြီးဆုံးသွားခဲ့ပါပြီ၊ ဒါကို အခွင့်ကောင်းယူချင်တဲ့လူတွေက ဆက်ပြီးဖန်တီးခဲ့လို့ ခုလိုဖြစ်ရတာပါ၊ မင်းသားလေးကိုအကြောင်းပြပြီး မဟုတ်တာတွေလုပ်ဖို့ စီစဉ်နေကြ



တဲ့အတွက် ကျုပ်ကလဲ ညီတော်ဘက်က ပါဝင်ကူညီဖို့ ဆုံးဖြတ်လိုက်တာပါ'

မေဟွားက....

'မှန်ပါတယ်ရှင်၊ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုပါပဲ၊ ဒါထက် စောစောကလူသုံးယောက်ကရော ဘယ်သူတွေများလဲဆိုတာ ပြောပြပါလားရှင်'

ဟု မေးလိုက်လေသည်။

သန်းဖုံးက....

'သူတို့ဟာ ညီတော်လွှတ်လိုက်တဲ့ စေတမန်တွေပါ၊ သိုင်းလောကထဲဆင်းလာပြီး အဖြူရောင်သိုင်းသမားတွေကို တွေ့ဆုံအကူအညီတောင်းနေကြတာပါ'

ရှမ်းကုံးချင်းက....

'အစ်ကိုယဝ်ကျင်းနဲ့ပတ်သက်ပြီး သူတို့ရဲ့သဘောထားကို ကျွန်မသဘောမကျဘူး'

ဟု ဝင်ပြောလိုက်လေသည်။

သန်းဖုံး သက်ပြင်းချလိုက်လေသည်။

'သူတို့ဟာ စင်ကျန်ကိုစ္စထဲမှာ မဆိုင်တဲ့လူတွေ ဝင်ရှုပ်တာကို သဘောမကျလို့ပါ'

'အို… ကျွန်မက မဆိုင်တဲ့လူမှ မဟုတ်တာ'

မေဟွားက…

'သခင်မလေး၊ ယင်ကျောင်းကို ညီတော်ကမြန့်နေ ပိုခထောက်ရင် တစ်နေ့ကျရင်၊ ယင်ကျောင်းဟာ စင်ကျန်နယ်ဝေးကြီးဖြစ်လာမယ့်သဘောရှိတယ်၊ ဒါကြောင့် အပြင်လူတွေနဲ့ မပတ်သက်စေချင်တဲ့ သဘောဖြစ်လိမ့်ပါမယ်၊ သခင်မလေးတို့နှစ်ယောက်အကြောင်းကို သူတို့သိကြတာမဟုတ်ပါဘူး၊ ယင်ကျောင်းကသာ ဒီကိစ္စကို ရှင်းပြလိုက်မယ်ဆိုရင် အားလုံးလက်ခံသွားကြမှာပါ'

ဟု ရှင်းပြလိုက်လေသည်။

ထိုအခါမှ ရှမ်းကုံချင်း စိတ်သက်သာရာရသွားလေတော့သည်။

သန်းဖုံးက….

'ဟုတ်ပါတယ်၊ ခုချိန်မှာအခြေအနေက ရှုပ်ထွေးနေတော့ မင်းသားလေးဟာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်နေတယ်ဆိုတာဟာ သူတို့ အတွက်တစ်မျိုးဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်၊ ဒါပေမယ့် မိန်းကလေးဟာ သာမန်လူတစ်ယောက်



မဟုတ်ဘဲရှမ်းကုံချင်းကသခင်မလေးတစ်ယောက်ဆိုတာကို သိသွားရင်တော့ အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပါ'

ဟု ပြောပြလေသည်။

ရှမ်းကုံချင်း ပိုပြီးကျေနပ်သွားလေသည်။

'ဒါဖြင့် ကျွန်ုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလိုက်လေသည်။

သန်းဖုံးက….

'ကျုပ်တို့…'

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

အိမ်အပြင်ဘက်မှ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'

* * *

စူးရှသောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

မေဟွား၊ သန်းဖိုးနှင့်ရှမ်းကုလားချင်းတို့ ရင်ထိတ်သွားကြလေသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်....

သုံးယောက်သားအိမ်အပြင်ဘက်သို့ပြေးထွက်သွားကြလေသည်။

အပြင်ဘက်သို့ရောက်လျှင် ခြေလှမ်းတုံ့ခနဲရပ်သွားကြ၏။

အကြောင်းကား....

စင်ကျွန်နယ်တွင် လက်ရှိနယ်စားကြီးရာထူးရယူထားသော ညီတော်၏ လူသုံးယောက်မှာ မြေပေါ်၌ အတုံးအရုံးလဲကျနေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူသုံးယောက်၏ရင်ဝ၌ သွေးခြင်းခြင်းနီရဲနေ၏။

တစ်စုံတစ်ယောက်က သူတို့အား တိုက်ခိုက်သုတ်သင်လိုက်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။



မည်သူကလုပ်ကြံသွားခြင်း ဖြစ်ပါသနည်း။

ရှမ်းကုလားချင်းတို့ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်ကြ၏။

လမ်းပေါ်၌ လူသွားလူလာမရှိသလောက် ရှင်းနေပါ၏။ လူသတ်သမား၏အရိပ်အယောင်မျှကိုပင် မတွေ့ရပါချေ။ သန်းဖိုးသည် သေဆုံးနေသူသုံးယောက်အား စစ်ဆေးကြည့်လိုက်ပြီးလျှင်....

'သူတို့သုံးယောက်ကိုသတ်ဖြတ်သွားပေမယ့် လူသတ်သမားဟာ တစ်ယောက်တည်းပဲဖြစ်မယ်'

ဟု ပြောပြလာလေသည်။

မေဟွားက....

'ဘယ်သူဖြစ်နိုင်မလဲ'

ဟု မေးလိုက်သည်။

သန်းဖိုးက

'အတော်ကြောက်စရာကောင်းတဲ့ ဓားသမားတစ်ယောက်ပဲ၊ သူဟာ ဝူတန်ဂိုဏ်းက ဓားပညာကို အသုံးပြုသွားတာဗျ'

'ဝူတန်ဂိုဏ်း ဓားပညာ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့်'

သန်းဖိုးက တည်ကြည်သော မျက်နှာထားဖြင့်....

'ဝူတန်ဂိုဏ်းမှာ ပညာသင်ပြီး ဓားရေးတော်တဲ့လူအချို့ဟာ အကျင့်မကောင်းတာကြောင့် ဝူတန်ဂိုဏ်းက မောင်းထုတ်ပစ်ခြင်းကို ခံခဲ့ကြရပါတယ်၊ အဲဒီလူတွေထဲမှာ ဓားဘီလူးဟာ တစ်ယောက်အပါအဝင်ဖြစ်တယ်'

ဓားဘီလူးဟူသောအမည်ကိုကြားရလျှင် မေဟွား မျက်နှာပျက်သွားလေသည်။

'ဓားဘီလူး ဟုတ်လား'

'ဟုတ်တယ်'

'ခုကိစ္စဟာ ဓားဘီလူးရဲ့လက်ချက်လို့ ရှင် ဆိုလိုချင်တာလား'

သန်းဖိုးက....

'ဖြစ်နိုင်တာကို ပြောတာပါဗျာ'



'ဒီကိစ္စမှာ ဓားဘီလူးပါဝင်ပတ်သက်လာပြီ ဆိုရင်တော့ မလွယ်ဘူးထင်တယ်'

'ခင်ဗျားရဲ့ဆရာ လင်းနို့ဝိဇ္ဇာ ပါဝင်နေတာက ပိုပြီး ဆိုးပါတယ်ဗျာ'

မေဟွားက....

'စိတ်ချ၊ ကျွန်မက ဆရာနဲ့သွားတွေ့မှာပါ'

သန်းဖိုးက....

'ကျုပ်ရော လိုက်ခဲ့လို့ မရဘူးလား'

ဟု မေးလာလေသည်။

မေဟွား မျက်မှောင်ကြုတ်သွားလေသည်။

'ရှင် လိုက်ခဲ့ချင်လို့ ဟုတ်လား၊ ဘာသဘောနဲ့ လိုက်ခဲ့ချင်ရတာလဲ'

သန်းဖိုးက....

'ဇင်းသားလေးယဇ်ကျင်း အတွက်ပါဗျာ'

ဟု ပြောလေသည်။

မေဟွားက....

'မင်းသားလေး ယဉ်ကျင်းကို ကျွန်မရဲ့ဆံဆုံးက ဖမ်းထားတယ် ထင်နေလို့လား'

'ဟုတ်တယ်၊ သူ့ လက်ချက်ပဲဖြစ်မယ်လို့ ကျုပ် ယုံကြည်ပါတယ်'

မေဟွား သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ရှင်လိုက်ချင်တယ်ဆိုရင်လဲ လိုက်ခဲ့နိုင်ပါတယ်၊ ဒါပေမယ့်'

သူမသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

သန်းဖုံး ပြုံးလိုက်သည်။

'စိတ်ချပါဗျာ၊ ကျုပ်ကြောင့် ဘယ်သူမှအနှောင့်အယှက် မဖြစ်စေရပါဘူး၊ ကျုပ်ကိုယ် ကျုပ်တာဝန်ယူပါ့မယ်'

ဟု ပြောလေသည်။

မေဟွားက....



'ကောင်းပြီလေ၊ ရှင့်ကိုရှင်တာဝန်ယူနိုင်တယ်ဆိုရင် လိုက်နိုင်ပါတယ်'

သန်းဖုံး ကျေနပ်သွားသည်။

'ဒါဖြင့် သွားကြတာပေါ့'

မေဟွားကပင်ဦးဆောင်ကာ ခေါ်ဆောင်သွားလေတော့သည်။

* * *

မြစ်ရေ တသွင်သွင် စီးဆင်းနေလေသည်။

မေဟွား၊ သန်းဖုံးနှင့် ရှမ်းကုချင်းတို့သည် မြစ်ကမ်းသို့ ရောက်ရှိလာကြလေသည်။

ရေစပ်တွင် ကူးတို့လှေတစ်စီးအသင့်ရှိနေသဖြင့် ကျေ သွားကြလေသည်။

မေဟွားက လှေသမားအား....

'ကျွန်မတို့ကို ဟိုဘက်ကမ်း လိုက်ပို့ပေးပါရှင်'

ဟု ပြောလိုက်လေသည်။

လှေသမားသည် အနက်ရောင်ဝတ်ကာ ခမောက်ဆောင်းထားလေသည်။

ခမောက်ကိုခပ်နိမ့်နိမ့် ဆောင်းထားသဖြင့် မျက်နှာ တစ်ဝက်အုပ်နေကာ မည်သူမည်ဝါဖြစ်ကြောင်း မတွေ့ရချေ။

ရှမ်းကုံးချင်းသည် ထိုလှေသမားအား တစ်ချက် ကြည့်လိုက်ပြီး သဘောမကျနိုင်အောင် ဖြစ်သွားလေသည်။

လှေသမားက....

'လှေပေါ်တက်ပါ'

ဟု ပြောလာလေသည်။

မေဟွားကပင်ဦးဆောင်ကာ လှေပေါ်တက်လိုက်၏။

သုံးယောက်သား လှေပေါ် ရောက်သွားသည်နှင့် လှေသမားက စတင်လှော်ခတ်လိုက်လေသည်။

ထိုလှေသမား လှေကိုလှော်ခတ်ပုံမှာ အားစိုက်လှော်ခတ်ခြင်း လုံးဝမရှိချေ။



သို့သော်....

လှေကိုလှော်ခတ်လိုက်သည်နှင့် လှေကလေး မြစ်လယ်သို့ တစ်ဟုန်ထိုး ရွေ့လျားသွားလေသည်။

တစ်ခဏအတွင်းမှာပင် မြစ်လယ်သို့ ရောက်ရှိသွားခြင်းဖြစ်ပေတော့သည်။

ရှမ်းကုံးချင်းသည် လှေသမားအား တအံ့တသြကြည့်နေမိလေသည်။

ထိုစဉ်....

'သခင်မလေး နောက်ဆုတ်လိုက်ပါ'

မေဟွား၏စကားသံ တိုးတိုး ထွက်ပေါ်လာလေသည်။

ရှမ်းကုံးချင်းရင်ထိတ်သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

မေဟွားနှင့်သန်းဖုံးတို့က ရှေ့သို့ လှမ်းတက်လိုက်ကြ၏။

လှေသမား၏ ဝဲယာတစ်ဖက်တစ်ချက်မှ ဝိုင်းရံထားလိုက်ကြလေသည်။

သန်းဖုံးက....

'မိတ်ဆွေရဲ့လှေလှော်ပညာကို ချီးကျူးပါတယ်ဗျာ၊ မိတ်ဆွေဟာ သာမန် လှေသမားတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်တို့ရိပ်မိပါတယ်'

ဟု ပြောလိုက်လေသည်။

လှေသမားထံမှ တီးတိုးရယ်သံ ထွက်ပေါ်လာလေသည်။

'သာမန်လှေသမားမဟုတ်ဘူးဆိုတော့ ကျုပ်က တကယ့် လှေသမားတစ်ယောက်မှ မဟုတ်ဘဲကိုး'

ဟု ပြောလာလေသည်။

သန်းဖိုးက....

'ဒါဖြင့် မိတ်ဆွေဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ပြောပြပါလားဗျာ'

ဟု မေးလေသည်။

လှေသမားက....

'ကျုပ်က လူတစ်ယောက်ကိုသတ်ဖို့ အလုပ်လက်ခံထားတဲ့ လှေသမားပေါ့ဗျာ'

ဤတွင် သန်းဖိုးကလည်း ရယ်မောလိုက်လေသည်။



'မိတ်ဆွေက ရယ်စရာပြောတတ်သားပဲ'

လှေသမား ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်က ရယ်စရာပြောတာမဟုတ်ဘူး'

'ဒါဖြင့် ဘယ်သူ့ကိုများ လုပ်ကြံသတ်ဖြတ်မလို့လဲဗျာ'

'ခင်ဗျားကိုပေါ့'

စကားဆုံးလျှင် လှေသမားသည် လှော်တက်ကိုဝှေ့ယမ်းကာ သန်းဖိုးအား စတင်တိုက်ခိုက်လိုက်လေသည်။

သန်းဖိုးမှာ ကြိုတင်သတိထားနေရကား ကပျာကယာ ရှောင်တိမ်းပေးလိုက်လေသည်။

မေဟွားက....

'ဒါဘာလုပ်တာလဲ၊ ရှင်က ဘာကြောင့် ကျွန်မတို့ကို လုပ်ကြံချင်ရတာလဲ'

ဟု မေးရင်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လှေသမား ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်သတ်ရမယ့်လူထဲမှာ ခင်ဗျားမပါဘူး၊ အေးအေး ဆေးဆေး ဘေးဖယ်နေရင်ကောင်းမယ်'

ပြောရင်း မေဟွားဏ်တိုက်ခိုက်မှုကို အသာအယာရှောင် တိမ်းလိုက်လေသည်။

လှေသမားကလည်း ဟန်ပြတိုက်ခိုက်လိုက်ခြင်း ဖြစ်လေ သည်။

မေဟွားက နောက်ဆုတ်လိုက်သည်နှင့်....

'ယား'

ဩသံပေးကာ သန်းဖုံးထံသို့ ခုန်အုပ်တိုက်ခိုက်လိုက်လေ သည်။

သန်းဖုံးက ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

လှေသမားသည် သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်းမည်မဟုတ် ဘဲ ဆက်၍တိုက်ခိုက်လာလိမ့်မည်ဟု နားလည်လိုက်လျှင် ရင် ထိတ်သွားပြီး ကပျာကယာ ရှောင်တိမ်းရန်ကြိုးစားလိုက်လေ သည်။



လှေသမားသည် သူသေကိုယ်သေတိုက်ခိုက်ဖို့ ကြိုးစားနေ သည်မဟုတ်ပါလား။

သန်းဖုံး ထိတ်လန့်ကာ ရှောင်တိမ်းဖို့ ကြိုးစားလိုက်ခြင်း သည်ပင် လှေသမားအား အခွင့်အရေးပေးလိုက်သလို ဖြစ် သွားပါတော့သည်။

လှေသမားသည် သန်းဖုံးအား ခုန်အုပ်လိုက်လေသည်။

'ဝုန်း'

နှစ်ယောက်သားလုံးထွေးကာ လှေဝမ်းထဲလဲကျသွား၏။

ရုတ်တရက်....

နီရဲသောသွေးများ ထွက်ပေါ်လာလေသည်။

လှေတစ်ခုလုံး လူးလိမ့်သွားသည်။

ထို့နောက်....

လုံးထွေးဘတ်ပုတ်နေကြသော လှေသမားနှင့် သန်းဖုံးတို့ မှာ ရေထဲသို့ပြုတ်ကျသွားကြလေသည်။

နှစ်ယောက်သား ရေထဲကျသွားပြီး ဝဲဂယက်ကြီးဖြစ် ပေါ်လာ၏။

ရေပြင်တွင် အနီရောင်သွေးများလည်း ထွက်ပေါ်လာသည်။

ထို့နောက်...

လှေသမားရောသန်းဖုံးပါ ရေအောက်သို့ စုံးစုံးမြုပ်ကာ ပျောက်ကွယ်သွားကြလေတော့သည်။

* * *

လှေသမားနှင့် သန်းဖုံးတို့ ပျောက်ကွယ်သွားကြပြီဖြစ်သည်။

မေဟွားနှင့်ရှမ်းကုံးချင်းတို့ ငေးငိုင်နေကြလေသည်။

လှေသမားသည် အလွန်ကြောက်မက်ဖွယ်ကောင်းသူဖြစ်ကြောင်း သိလိုက်ရပြီး သန်းဖုံးအား ဆုံးရှုံးလိုက်ကြရပြီဖြစ်လေသည်။

အတော်ကလေးကြာမှ မေဟွားတို့ သတိဝင်လာကြလေသည်။



မေဟွားက...

'သန်းဖုံး...သန်းဖုံး၊ ရှင်ဘယ်မှာလဲ'

ဟု အော်ခေါ်လိုက်လေသည်။

သူမ၏အသံသည် မြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်နှင့်အတူ အဝေးသို့တိုင် လွင့်မျောသွားလေသည်။

သို့သော်...

သန်းဖုံးကား ပြန်ပေါ်မလာတော့ပါ။

မေဟွားသက်ပြင်းချလိုက်ပြန်သည်။

'စိတ်မကောင်းစရာပဲ'

ဟုလည်း ရေရွတ်လိုက်လေသည်။

ရှမ်းကုံးချင်းက...

'ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေးလေသည်။

မေဟွားက...

'ခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ကျုပ်တို့ဘာသာ ရှေ့ဆက်သွားကြတာပေါ့'

ရှမ်းကုန်းချင်းလည်း စိတ်ခံကောင်း ဖြစ်သွားလေတော့သည်။

မေဟွားက....

'သခင်မလေး၊ ငြိမ်ငြိမ်လေးထိုင်နေပါ'

ဟု ပြောကာ လှေကို စတင်လှော်ခတ်လိုက်လေသည်။

မေဟွားလည်း လှေနံနှစ်ဖက်ကိုကိုင်ကာ ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်သည်။

မေဟွားသည် လှေကို ကျွမ်းကျင်စွာလှော်ခတ်နေတတ် သဖြင့် သူမအံ့ဩလေသည်။

မည်သို့ဆိုစေ၊

ယခုအချိန်တွင် လှေကို တစ်ဖက်ကမ်းသို့အရောက် လှော် ခတ်သွားနိုင်ဖို့က အရေးအကြီးဆုံးမဟုတ်ပါလား။

မေဟွားက အားစိုက်ကာ လှော်ခတ်လိုက်သည်နှင့် များမကြာမီ မြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိသွားတော့သည်။



'သခင်မလေး ဆင်းရအောင်'

ဟု ပြောကာ မေဟွားက ဦးစွာလှေပေါ်မှခုန်ဆင်းသွား လေသည်။

ရှမ်းကုန်းချင်းလည်း လိုက်ပါသွားလေသည်။

သူတို့သည် လှေကလေးကို ဒီအတိုင်းထားပစ်ခဲ့ပြီး ကမ်း ပေါ်သို့ တက်လာခဲ့ကြခြင်းဖြစ်လေသည်။

ကမ်းပေါ်ရောက်လျှင်....

'ခွပ်.... ခွပ်.... ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

မေဟွားတို့ လှမ်းကြည့်လိုက်သောအခါ မြင်းလှည်းတစ်စီး ရောက်ရှိလာသည်ကို တွေ့ရလေသည်။

မြင်းလှည်းသမားမှာ အနက်ရောင်ဝတ်ထားပြီး မျက်နှာ တစ်ဝက်ဖုံးအောင် ခမောက်ဆောင်းထားသူ ဖြစ်နေပါတော့ သည်။

မေဟွားနှင့် ရှမ်းကုန်းချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်လေး၊ သူဟာ လှေသမားပဲ သားမသိဘူး'

ဟု ပြောလေသည်။

မေဟွား ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ လှေသမားဟာ မြစ်ထဲမှာသေဆုံးသွားခဲ့ပြီပဲ'

'ဒါဆိုရင်'

'သူဟာ လှေသမားတော့မဟုတ်ဘူး၊ ဒါပေမယ့် လှေသမားရဲ့ အခေါင်းအဖော်တစ်ယောက်ပဲ'

ရှမ်းကုံးချင်း မကျေမနပ်ဖြစ်သွားလေသည်။

'သိကြသေးတာပေါ့'

သူမသည် လက်ဦးအောင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

မြင်းလှည်းသမားသည် မြင်းလှည်းပေါ်မှ ဆင်းလာပြီးလျှင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ဂါရဝပြုလိုက်လေသည်။



'ကျေးဇူးပြုပြီး မြင်းလှည်းပေါ်ကိုကြွကြပါ'

ဟု ထပ်ပြောလာလေသည်။

ရှမ်းကုံးချင်း ပိုပြီး ဒေါသထွက်သွားလေသည်။

ရှေ့တိုးတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

'သခင်မလေး၊ နေဦး'

မေဟွားက ဟန့်တားလိုက်လေသည်။

ရှမ်းကုံးချင်းက...

'ဒေါ်လေး သူဟာ...'

'နေပါဦး၊ သခင်မလေး'

ဟုတားမြစ်ကာ ရှေ့သို့လှမ်းထွက်လိုက်လေသည်။

သူမသည် မြင်းလှည်းသမားနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး....

'ကျုပ်တို့ကို လိုရာခရီး လိုက်ပို့ပေးမယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

မြင်းလှည်းသမား ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ကျွန်မတို့ ဘယ်ကိုသွားကြမယ်ဆိုတာကော ရှင်ကသိလို့လား'

'သိပါတယ်ဗျာ၊ ခင်ဗျားတို့ဟာ လင်းနို့သခင်ဆီကို သွားကြမှာလို့မဟုတ်လား'

'ဪ'

မေဟွားသည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'ကောင်းပြီလေ၊ ရှင် လိုက်ပို့ပေတော့'

သူမသည် ရှမ်းကုလားချင်း၏လက်ကိုဆွဲကာ မြင်းလှည်းပေါ်သို့ တက်လိုက်လေသည်။

မြင်းလှည်းသမားက မြင်းလှည်းတံခါးကို အသာအယာ ပိတ်လိုက်သည်။

ထို့နောက် မြင်းလှည်းပေါ်သို့ တက်ကာ မြင်းများကို အောင်ငေါက်မောင်းနှင်လိုက်လေသည်။



'ဟီး...ဟီး....ဟီး'

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ၊ မြင်းဟီသံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းသည် အရှိန်ပြင်းစွာ မောင်းနှင် ထွက်ခွာသွားလေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်နေပါသည်။

အနက်ရောင်ဝတ်ထားသော မြင်းလှည်းသမားသည် မြင်းလှည်းကို ကျွမ်းကျင်စွာ မောင်းနှင်နေ၏။

သို့ဖြင့် တောတန်းလေး တစ်ခုရှေ့သို့ ရောက်လာသောအခါ....

'ဟေး....ဟေး'

မြင်းများကိုအော်ဟောက်ကာ ရပ်တန့်လိုက်လေသည်။

မြင်းလှည်းရပ်သွားသည်နှင့် ချက်ချင်း ခုန်ဆင်းလာပြီး တံခါးဖွင့်ပေးလိုက်လေသည်။

'ကျေးဇူးပြုပြီး မြင်းလှည်းပေါ်က ဆင်းပါဗျာ'

ဟုလည်း ပြောလိုက်လေသည်။

မေဟွားနှင့် ရှမ်းကုံးချင်းတို့ မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြလေသည်။

မြင်းလှည်းသမားက တောလမ်းကလေးကို ညွှန်ပြလိုက်သည်။

'ကျုပ်တာဝန်က ဒီမှာပြီးဆုံးသွားပါပြီ၊ ဒီတောလမ်းကလေးအတိုင်း ရှေ့ဆက်သွားပါ၊ လမ်းပြပေးမယ့်လူ တစ်ယောက်ကို တွေ့ရပါလိမ့်မယ်'

ဟု ပြောလေသည်။

မေဟွားက...

'ကောင်းပြီ'



သူမသည် ရှမ်းကုံးချင်း၏ လက်ကိုဆွဲကာ တောလမ်းအတိုင်း လှမ်းသွားလိုက်လေသည်။

ရှမ်းကုံးချင်းလည်း လိုက်ပါသွားလေသည်။

နှစ်ယောက်သား တောအုပ်ထဲသို့ ဝင်ရောက် မိလိုက်ကြသောအခါ အနက်ရောင်ဝတ်ကာ ခေါက်ဆောင်းထားသူတစ်ယောက်က အသင့် စောင့်ကြိုနေသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်လျှင် မေဟွားတို့ ခြေလှမ်းရပ်လိုက်ကြ၏။

ထိုလူက ဦးညွှတ်လိုက်သည်။

'ကျုပ်နောက်ကို လိုက်ခဲ့ပါဗျာ'

ဟု ပြောကာ လှည့်ထွက်သွားလေသည်။

မေဟွားနှင့် ရှမ်းကုံးချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသူနောက်သို့ လိုက်သွားကြလေသည်။

ထိုလူသည် သစ်ပင်ချုံနွယ်များ ရှုပ်ထွေးနေသော တောလမ်းမှ လမ်းပြခေါ်ဆောင်သွားရာ မကြာပါချေ။ တောအုပ်ထဲ၌ အိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့ရလေသည်။

အနက်ရောင်ဝတ်ထားသူက ခြေလှမ်းရပ်လိုက်သည်။

'ကျုပ်တာဝန် ဒီမှာပြီးဆုံးသွားပါပြီဗျာ၊ ကိုယ့်ဘာသာ ရှေ့ဆက်သွားကြပါ'

ဟု ပြောလာလေသည်။

မေဟွားက....

'ကောင်းပြီ၊ အိမ်ထဲမှာ ဘယ်သူရှိတယ်ဆိုတာ ပြောပြနိုင်မလား'

ဟု မေးလိုက်သည်။

ထိုလူက...

'အိမ်ထဲရောက်ရင် တွေ့ရပါလိမ့်မယ်ဗျာ'

ဆက်မေးနေလျှင်လည်း အကြောင်းထူးတော့မည်မဟုတ်ကြောင်း သဘောပေါက်လိုက်သဖြင့် မေဟွားသည် ဆက်မမေးမနေတော့ဘဲ ရှမ်းကုံးချင်းနှင့်အတူ အိမ်ကလေးဆီသို့ လှမ်းသွားလိုက်လေသည်။

အိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။



အိမ်တံခါးကား ဟာလာဟင်းလင်းဖွင့်၊

မေဟွားတို့ အိမ်ထဲသို့လှမ်းဝင်လိုက်သောအခါဖူးထားပြီး ယောက်ကာ အသင့်စောင့်ကြိုနေသည်ကို တွေ့မြင်လို သည်။

လားတစ်

ထိုလူမှာ အနက်ရောင်ဝတ်ဆင်ထားပြီး ခမောက်ဆွဲသော ထား၏။

သို့သော်....

လမ်းခရီးတစ်လျှောက် တွေ့ခဲ့ရသော အနက်ရောင်ဝတ်ထားသူများနှင့်တော့ မတူပါချေ။

ထိုလူသည် အလွန်ထွားကျိုင်းသောလူသန်ကြီးတစ်ယောက်ဖြစ်ပြီး ကျောပေါ်တွင် ဓားနှစ်လက်ပိုးထားလေသည်။

ထိုလူအားတွေ့မြင်လိုက်ရသည်နှင့် မေဟွားက....

'ဓားတီလူး၊ ရှင်က ဒီမှာစောင့်နေတာကိုး'

ဟု ပြောလိုက်လေသည်။

* * *

အနက်ရောင်ဝ၊

'ကျုပ်ပူးသည် အနက်ရောင်သိုင်းလောကတွင် လျှမ်းရှေ့ဆောက်ကျော်ကြားသော လူဆိုးကြီးတစ်ယောက်ဖြစ်၏။

ဗ

းဘီလူးဟူသောအမည်ကို ကြားလိုက်ရသည်နှင့် သိုင်းကသားများ ဖိန့်ဖိန့်တုန်သွားတတ်ကြလေသည်။

ယခု....

နာမည်ကြီးနေသောဓားဘီလူးနှင့် တွေ့ဆုံလိုက်ရပြီဖြစ်လေသည်။

ဓားဘီလူးက မေဟွားနှင့် ရှမ်းကုံးချင်းတို့ရောက်လာသည်ကိုမြင်လျှင် ရယ်မောလိုက်လေသည်။

'မင်းရောက်လာပြီကိုး၊ ထိုင်ပါ'

အသင့်ရှိနေသော စားပွဲကုလားထိုင်များဆီသို့ ညွှန်ပြလိုက်လေသည်။

မေဟွားက....

'ကျွန်မက ထိုင်ဖို့လာခဲ့တာမှမဟုတ်ဘဲ'



ဟု ပြောလိုက်လေသည်။

ရှမ်းကုံးချင်းသည် ဓားဘီလူး၏အမည်ကိုကြားဖူးထားပြီးသတိထားရမည့်သူဟု နားလည်ထားလေသည်။

သူမကိုယ်တိုင်ပင် ရှမ်းကုံးခြံဝင်းမှ သခင်မလေးတစ်ယောက်ဖြစ်သော်လည်း ဓားဘီလူးအား တွေ့လိုက်ရသောအခါ စိတ်ထဲမှတုန်လှုပ်သွားလေသည်။

သို့တိုင်....

မေဟွားသည် မည်သို့မျှသဘောမထားဘဲ ဓားဘီလူးအားခပ်တည်တည်ဆက်ဆံနေသည်ကို တွေ့ရသောအခါ အံ့ဩသွားရလေတော့သည်။

'ဒေါ်လေးဟာ ဓားဘီလူးကို တစ်စက်ကလေးမှမကြောက်ပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်'

ဟု စိတ်ထဲရေရွတ်လိုက်လေသည်။

ဓားဘီလူးက ရယ်မောလိုက်ပြန်သည်။

တစ်ဖန်....

'ကျုပ်တို့မတွေ့ကြတာ အတော်ကြာနေပြီနော်၊ မေဟွားခင်းဟာ ဘာမှမပြောင်းလဲဘဲ အရင်အတိုင်းပါပဲလား'

ဟု ပြောလာလေသည်။

မေဟွားက....

'အပိုတွေပြောမနေပါနဲ့ရှင်၊ ကျွန်မက ဆရာနဲ့တွေ့ချင်တယ်၊ ရှင်က ဘာကြောင့် ကျွန်မကို ဒီနေရာရောက်အောင် မျှားခေါ်လာရတယ်ဆိုတာ ပြောပါ'

ဟု မေးလိုက်လေသည်။

ဓားဘီလူးက....

'ကျုပ်က မင်းကိုပြောပြစရာတွေရှိလို့ပါ'

'ပြောပြစရာတွေ'

'ဟုတ်တယ်'

'ဘာများလဲ၊ ပြောစမ်းပါဦး'

ဓားဘီလူးက....

'အခြေအနေက အတော်ကိုရှုပ်ထွေးနေတယ်၊ မင်း အေးအေးဆေးဆေးနေတာ ကောင်းမယ်'

မေဟွား မဲ့ပြုံးပြုံးလိုက်သည်။



'လက်စသတ်တော့ ရှင်က ကျွန်မကိုခေါ်ပြီး ခြိမ်းခြောက်နေတာကိုး'

ဓားဘီလူး ခေါင်းခါယမ်းလိုက်သည်။

'မင်းမှားနေပြီ၊ ကျုပ်က စေတနာနဲ့ပြောနေတာပါ၊ မင်းရဲ့ဆရာကိုယ်တိုင်က ခေါ်ပြောခိုင်းလို့ပါ'

'ဘာရှင့်'

မေဟွား၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဓားဘီလူးက....

'ဆရာကြီးလင်းနို့သခင်က အခုကိစ္စထဲမှာ မင်းဝင်မပါရအောင် တားထားပါလို့ ကျုပ်ကိုပြောခဲ့တယ်၊ ဒါကြောင့် ကျုပ်က မင်းကိုတားဖို့ ကြိုးစားနေရတာပါ'

မေဟွားက....

'ဆရာက ဘာကြောင့် ကျွန်မကို တားခိုင်းရဆလဲဆိုတာ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

ခါးဘီလူးက....

'မေဟွား၊ မင်းဟာ လင်းနို့သခင်ရဲ့တပည့်အဖြစ် သိုင်းလောကမှာ နာမည်ဆိုးနဲ့ကျော်ကြားခဲ့ဖူးပေမယ့် ခုချိန်မှာတော့ မင်းဟာ ရှမ်းကုံးခြံဝင်းရဲ့ အရိပ်အာဝါသကို မှီခိုပြီး လူကောင်းတစ်ယောက်ဖြစ်နေပါပြီ၊ မင်းရဲ့ဘဝ အေးချမ်းသာယာနေပါပြီ၊ ဒီဘဝလေးကို ပျက်စီးမသွားရအောင် လင်းနို့သခင်က မင်းကို ဝင်မပါစေချင်တာပဲ'

မေဟွား သက်ပြင်းချလိုက်သည်။

'သခင်က စေတနာနဲ့ဝင်မပါစေချင်တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဝင်မပါလို့မဖြစ်ဘူးရှင့်'

ခါးဘီလူးက...

'ဘာကြောင့်များလဲ၊ ပြောစမ်းပါဦး'

မေဟွားက...

'မင်းသားလေးယင်ကျင်းဟာ ရှမ်းကုံးခြံဝင်းနဲ့ ပတ်သက်နေလို့ပါပဲ'

ခါးဘီလူး မျက်မှောင်ကြုတ်သွားလေသည်။



'ရှမ်းကုံးခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ ပြောစမ်းပါဦး'

'သခင်မလေးနဲ့ မင်းသားလေးတို့ဟာ ချစ်သူတွေဖြစ်နေကြပြီရှင့်'

'ခက်ပါလား'

ခါးဘီလူး ညည်းတွားလိုက်လေသည်။

တစ်ဖန်...

'ဒီလောက်ထိပတ်သက်နေလိမ့်မယ်လို့ ကျုပ်မထင်ခဲ့မိတာအမှန်ပဲ'

ဟု ပြောလေသည်။

မေဟွားက....

'မင်းသားလေးသာ တစ်စုံတစ်ခုဖြစ်သွားမယ်ဆိုရင် ရှမ်းကုံးခြံဝင်းက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူးဆိုတာ အသေအချာပါပဲရှင်'

ရှမ်းကုံးချင်းက ခေါင်းညိတ်လိုက်လေသည်။

ယင်ကျင်း၏အကြောင်းကိုသိလျှင် သူမ၏အဘိုးသည် လက်ပိုက်ကြည့်နေမည်မဟုတ်ဘဲ ကူညီလိမ့်မည်ဟု ယုံကြည်ထားပေတော့သည်။

ခေးဘီလူးက....

'ဒါဆို သိုင်းလောကမှာ ပွဲကြီးပွဲကောင်းတွေ ဖြစ်ပေါ် လာတော့မှာပေါ့'

ဟု ပြောလေသည်။

မေဟွားက....

'မင်းသားလေးကို သစ္စာဖောက်တွေ လက်တဲ့ရောက် မသွားရအောင် ကျွန်မက အစွမ်းကုန်ကြိုးစားကာကွယ်သွားရမှာပဲ၊ ကဲ...ကျွန်မတို့နှစ်ယောက် အရင်ဆုံးဖြေရှင်းလိုက်ကြရင် မှကောင်းဘူးလား'

ဟု ပြောလေသည်။

ခေးဘီလူး ခေါင်းခါယမ်းလိုက်သည်။

'မကောင်းဘူး၊ ကျုပ် မင်းနဲ့ ရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင် မင်းဆရာက သဘောကျမှာမဟုတ်ဘူး'

မေဟွားက....

'ဒါဖြင့် မင်းသားလေး ဘယ်မှာရှိတယ်ဆိုတာကို ရှင် ပြောပြသင့်တယ်'



ခေးဘီလူးက....

'ကျုပ်ပြောပြရင် မင်းရဲ့ဆရာက ပိုပြီးစိတ်ဆိုးသွားလိမ့်မယ်'

'ဒါဖြင့် ကျွန်မတို့နှစ်ယောက်ယှဉ်ပြိုင်တိုက်ခိုက်ဖို့ပဲရှိတော့တာပေါ့'

ခေးဘီလူးက....

'ကောင်းပြီလေ၊ မင်းကိုတားမရဘူးဆိုရင် နောက်ဆုတ်သွားအောင် တိုက်ခိုက်ပိုင်ခွင့်တော့ ရှိပါသေးတယ်'

စကားဆုံးလျှင် ထိုင်ရာမှထလိုက်လေသည်။

မေဟွားက....

'တစ်ယောက်လို့ရှင်ကအနိုင်ရမယ်ဆိုရင် ကျွန်မနောက်ကြောင်းပြန်လှည့်သွားမယ်၊ ကျွန်မအနိုင်ရမယ်ဆိုရင် ရှင်ရှေ့ဆက်မတားရဘူး၊ ဒီကိစ္စတွေထဲဝင်မပါရတော့ဘူး၊ ရှင့်လူတွေကို ခေါ်ပြီး နောက်ဆုတ်သွားရမယ်'

ခေးဘီလူး သဘောတူလိုက်လေသည်။

'ကောင်းပြီလေ၊ ကျုပ်သဘောတူပါတယ်'

မေဟွာ်းက....

'သခင်မလေး နောက်ဆုတ်နေလိုက်ပါ'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းက နောက်ဆုတ်လိုက်သည်။

မေဟွာ်းက ဓားဘိလူးနှင့် ရင်ဆိုင်လိုက်လေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြပြီးမှ....

'ယား'

ဩသံပေးကာ စတင် တိုက်ခိုက်လိုက်ကြလေတော့သည်။

* *



တောအုပ်ထဲ၌ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

ရှမ်းကုံးချင်း ရင်ထိတ်သွားလေသည်။

တိုက်ပွဲနှင့်ဝေးရာသို့ ကပျာကယာဆုတ်လိုက်လေသည်။

မေဟွာ်းနှင့်ဓားဘိလူးတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြ၏။

ဓားဘိလူး၏ လက်ထဲသို့ ဓားနှစ်လက်ရောက်ရှိလာလေသည်။

'ခြွမ်း....ခြွမ်း'

ဓားဘိလူးက လက်ဝှေ့ယမ်းလိုက်သည်နှင့် ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

ဝင်းလက်တောက်ပသောဓားရောင်များ ထွက်ပေါ်လာ၏။

မေဟွာ်းကလည်း ချက်ချင်းပင် လက်နှစ်ဖက်ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှတောက်ပသောအလင်းရောင်များနှင့် လေတိုးသံများ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်....

'ဝုန်း....ခြိမ်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

မေဟွားနှင့် မားဘီလူးတို့ ပြိုင်တူနောက်ဆုတ်လိုက်ကြလေသည်။

မားဘီလူး၏ မားနှစ်လက်သည် ကြမ်းပြင်ပေါ် ပြုတ်ကျနေသည်။

ထို့အတူ....

မေဟွား၏ အင်္ကျီလက်မောင်းတစ်ဖက်သည်လည်း စုတ်ပြဲသွားလေသည်။

ရှမ်းကုန်းချင်းက သူတို့နှစ်ယောက်အား ငေးကြည့်နေပြီး မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်နေသည်။

ရုတ်တရက်....

မားဘီလူးက သက်ပြင်းချလိုက်သည်။

'ကျုပ်ရှုံးသွားပြီ'



ဟု ပြောလာလေသည်။

ထိုစကား ကြားလျှင် ရှမ်းကုန်းချင်း ဝမ်းသာသွားလေသည်။

မေဟွား သက်ပြင်းချလိုက်သည်။

'ရှင်က ကျွန်မကိုသက်ညှာလိုက်တဲ့အတွက် ကျေးဇူး တင်ပါတယ်ရှင်'

ဟု ပြောလိုက်သည်။

မားဘီလူး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က မင်းကို ကျေးဇူးတင်ရမှာပါ'

'ရှင်'

'မင်းဟာ အနက်ရောင် သိုင်းလောကကို ကျောခိုင်းပြီး အေးအေးချမ်းချမ်း နေထိုင်နိုင်ခဲ့တဲ့အတွက် ဒါကို ကျုပ်က သင်ခန်းစာယူမိတယ်'

မေဟွား အံ့သြသွားလေသည်။

'ဘာလဲ၊ ရှင်ဟာ အမြင်မှန်ရနေပြီလို့ဆိုလိုချင်တာလား'

ဟု မေးလိုက်လေသည်။

ခေါ်ဘီလူးက....

'မဟုတ်ပါဘူးဗျာ၊ ကျုပ်က အေးအေးချမ်းချမ်းနေချင်တာကို ပြောတာပါ'

'ဩော်'

'ကျုပ်က မင်းကိုအရေးနိမ့်သွားလို့ မင်းကိုပေးထားတဲ့ကတိအတိုင်း မင်းသားလေးရဲ့ကိစ္စထဲမှာ ပါဝင်ပတ်သက်စရာမရှိတော့ပါဘူး၊ ဒါကြောင့် ကျုပ်မျှော်လင့်သလို အေးအေးချမ်းချမ်းနေနိုင်တော့မှာ သေချာပါတယ်'

မေဟွားက....

'ရှင်က တကယ်ပြောနေတာလား'

ခေါ်ဘီလူးက....

'တကယ် ပြောတာပေါ့'

မေဟွားက....

'ဒါဆို နောက်ဆုံးအနေနဲ့ ကျွန်မကို ကူညီနိုင်မလား'



'ဘာလဲ၊ မင်းသားလေးအကြောင်း မေးချင်လို့လား'

'ဟုတ်ပါတယ်'

ခေါ်ဘီလူး သက်ပြင်းချလိုက်ပြီး....

'မင်းသားလေးဟာ လင်းနို့လိုဏ်ဂူမှာရှိနေပါတယ်'

ဟု ပြောလေသည်။

မေဟွား ဝမ်းသာသွားလေသည်။

ခေါ်ဘီလူးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ကျေးဇူးပါပဲရှင်'

ဟု ပြောလိုက်လေသည်။

ခေါ်ဘီလူးက....

'မင်းရဲ့ဆရာကို သတိထားပါ၊ သူဟာ မင်းကို ဘယ်လောက်ပဲ ချစ်တယ်ဆိုပေမယ့် သူ့ကို နှောင့်ယှက်တယ်လို့ထင်ရင် လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး'

မေဟွားက....

'နေလိုသတိပေးတာ ကျေးဇူးပါပဲရှင်'

ခေးဘီလူးက လက်ဝှေ့ယမ်း ပြလိုက်လေသည်။

'မှင်းတို့သွားနိုင်ပါပြီ'

မေဟွာနှင့် ရှမ်းကုံးချင်းတို့သည် ခေးဘီလူးအား နှုတ်ဆက်ကာ ထွက်လာခဲ့ကြလေတော့သည်။

* * *

အတားအဆီးများ

---

ခေးဘီလူး....

ခေးဘီလူးနှင့်ထိပ်တိုက်ရင်ဆိုင်ပြီးနောက် အခက်အခဲများကို ကျော်လွှားခဲ့ပြီး ဖြစ်လေသည်။

မေဟွာနှင့်ရှမ်းကုံးချင်းတို့သည် တောအုပ်ထဲမှထွက်လာခဲ့ကြသောအခါ ရုတ်တရက် လမ်းပိတ်ရပ်နေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ သူတော်တစ်ယောက်ဖြစ်လေသည်။

လည်ပင်း၌ ပုတီးတစ်ကုံးဆွဲထားပြီး လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ထားလေသည်။

မေဟွာနှင့် ရှမ်းကုံးချင်းတို့ ခြေလှမ်း ရပ်သွားကြလေသည်။

မေဟ္ဝါးသည် သူတော်ကိုကြည့်ပြီး မျက်နှာ ပျက်သွားသည်။

'သခင်မလေး နောက်ဆုတ်လိုက်ပါ'

ဟု တီးတိုး ပြောလိုက်လေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်လေး၊ သူက....'

မေဟ္ဝါးက....

'သူဟာ အတော်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ၊ ဝါးဘုံလူးထက် ဆယ်ဆလောက်ဆိုးတာပေါ့'

ရှမ်းကုံးချင်းက....

'ဒေါ်လေး၊ သူ့ကိုသိတယ်မဟုတ်လား'

မေဟ္ဝါး ခေါင်းညိတ်လိုက်လေသည်။

'သိတယ်'

'သူက....'



'သူဟာ ဒေါ်လေးဆရာရဲ့ စတုတ္ထမြောက် တပည့်ပဲ'

'ရှင်'

ရှမ်းကုံးချင်း ရင်ထိတ်သွားလေသည်။

မေဟ္ဝါးက....

'ဆရာ့မှာ တပည့်ငါးယောက်ရှိခဲ့တယ်၊ ဒေါ်လေးဟာ ဆရာ့ရဲ့ ပဉ္စမမြောက် တပည့်ပဲ'

ရှမ်းကုံးချင်း ဘာမှမပြောဘဲ နောက်ဆုတ်လိုက်လေတော့သည်။

ထိုအချိန်မှာပင်....

'မေဟ္ဝါးညီမလေး တို့မတွေ့ရတာတောင် အတော်ကြာပြီနော်'

သူတော်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မေဟ္ဝါး ဆက်ပြင်းချလိုက်လေသည်။

'ကျွန်မက စတုတ္ထမြောက်အစ်ကိုကို လေးစားပါတယ်'

ဟု ဦးညွတ်ကာပြောလိုက်လေသည်။

သူတော်က....

'ညီမလေးဟာရှမ်းကုန်းခြံဝင်းကိုရောက်သွားပြီးတဲ့နောက် အေးအေးချမ်းချမ်းရှိနေတယ်လို့ သိရတယ်၊ ကျုပ်ဝမ်းသာပါတယ်'

မေဟွားက....

'ကျေးဇူးတင်ပါတယ်ရှင်'

သူတော်က....

'ညီမလေးကတော့ ကျုပ်တို့ကိုမေ့နေပြီထင်တယ်'

'ကျွန်မက'

'ကျုပ်တို့ကတော့ ညီမလေးကို အမြဲတမ်းသတိရနေကြပါတယ်၊ ဥပမာ ခုလိုအချိန်မျိုးမှာပေါ့လေ'

မေဟွားက....

'ကျွန်မကလဲ သတိရပါတယ်ရှင်'

သူတော်က တဟားဟား ရယ်မောလိုက်လေသည်။

မေဟွားက....



'အစ်ကိုလေးက ဆရာသွတ်သိုက်သို့သွားခဲ့တာလားရှင်'

ဟု မေးလိုက်လေသည်။

သူတော်ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

မေဟွားက....

'ကျွန်မကဲ ဆရာနဲ့တွေ့ပါရစေလား'

သူတော်က....

'ဆရာကတော့ ညီမလေးကို မတွေ့ချင်သေးဘူး'

'ဒါဖြင့်'

'ဆရာကပြောလိုက်တယ်၊ ညီမလေးနောက်လှည့်ပြန်သွားစေချင်တယ်'

မေဟွား သက်ပြင်းချလိုက်သည်။

'ကျွန်မကလဲ ပြန်သွားချင်ပါတယ်၊ ဒါပေမယ့် မင်းသားလေးနဲ့ ပတ်သက်ပြီး ဆရာနဲ့စကားပြောချင်သေးလို့ပါ'

သူတော်က....

'ခက်တာပဲ'

ဟု ညည်းတွားလိုက်လေသည်။

မေဟွားက....

'အစ်ကိုလေး ကျွန်မကို နောက်ဆုံးအနေနဲ့ ကူညီစေချင်ပါတယ်ရှင်'

သူတော် သက်ပြင်းချလိုက်လေသည်။

'ကောင်းပြီလေ၊ ကျုပ်ကူညီနိုင်တာ တစ်ခုတော့ ပြောပြပါမယ်'

'ကျေးဇူးပါပဲ အစ်ကိုလေး'

သူတော်က တည်ကြည်သောမျက်နှာထားဖြင့်....

'ညီမလေး ကျုပ်ကိုနိုင်အောင်တိုက်ခိုက်ပါ၊ ကျုပ်ကိုအနိုင်ရတယ်ဆိုရင် ညီမလေးသဘောပဲ၊ ကျုပ်က ဟန့်တားမှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

မေဟွား စိတ်ပျက်သွားလေသည်။



'အစ်ကိုလေး ကျွန်မ'

သူတော် ခေါင်းခါယမ်းလိုက်လေသည်။

'ဒါ....ကျုပ်ရဲ့နောက်ဆုံးစကားပဲညီမလေး၊ ဒီထက်ပိုပြီး မလိုက်လျောနိုင်ဘူး'

မေဟွားက....

'ကောင်းပြီလေ၊ ကျွန်မကိုခွင့်လွှတ်ဖို့ တောင်းပန်ချင်ပါတယ်'

'ကျုပ်တို့အချင်းချင်းတွေပဲ ကိစ္စမရှိပါဘူး'

မေဟွားက....

'ဒါဖြင့် အစ်ကိုလေးက စမလား၊ ကျွန်မကစရမလား'

သူတော်က....

'ညီမလေးပဲ စပါ'

'ဒီလိုဆိုရင် ကျွန်မရဲ့တိုက်ကွက်လာပြီ၊ အစ်ကိုလေးဂရုစိုက်ပါ'

စကားဆုံးသည်နှင့် မေဟွားက စတင်တိုက်ခိုက်လိုက်လေသည်။

သူတော်ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

* * *

သူတော်နှင့် မေဟွားတို့ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြလေသည်။

ရှမ်းကုံးချင်းက ခပ်လှမ်းလှမ်းမှရပ်ကာ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

သူတော်နှင့်မေဟွားတို့မှာ ဆရာတစ်ဆူတည်း၏ တပည့်ရင်းခြာများဖြစ်နေကြရာ သူမ့အနေနှင့် မည်သို့ကြားဝင်ရမှန်း စဉ်းစားမရအောင်ဖြစ်နေပါတော့သည်။

သူတော်နှင့်မေဟွားတို့ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

သူတို့၏တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။



ရှမ်းကုံးချင်းသည် တိုက်ပွဲကိုကြည့်ရင်း မေဟွား တစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်လာလေသည်။

သူမသည် ရင်တထိတ်ထိတ်ဖြင့် ကြည့်နေစဉ်မှာပင်....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာလေသည်။

မေဟွားကော သူတော်ပါ ပြိုင်တူနောက်ဆုတ်လိုက်ကြသည်ကို တွေ့လိုက်ရလေသည်။

ရှမ်းကုံးချင်း ရင်ထိတ်သွားပြီး....

'ဒေါ်လေး'

ဟု ခေါ်လိုက်လေသည်။

မေဟွားက လက်ကာပြလိုက်သည်။

'ကျုပ်အတွက် မစိုးရိမ်နဲ့'

ဟု ပြောလေသည်။

မည်သို့ဆိုစေ....

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျဆာသလေသော ကြောင့် အတွင်းဒဏ်ရာရသွားပြီဖြစ်ကြောင်း ထင်ရှားလေ သည်။

ရှမ်းကုံးချင်းသည် ရှေ့တိုးလိုက်ပြန်သည်။

သူမသည် မေဟွားကို ဖေးမလိုက်လေသည်။

မေဟွားက....

'သခင်မလေး၊ ကျုပ်တာဝန်မကျေတာကို ခွင့်လွှတ်စေ ချင်ပါတယ်'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်လေးဟာ ကျွန်မအတွက် သက်စွန့်ဆံဖျား ဆောင် ရွက်ခဲ့တာပါ၊ ဒေါ်လေးကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး'

သူမသည် သူတော်နှင့်ရင်ဆိုင်လိုက်လေသည်။

သူတော်က မလှုပ်မယှက်ရပ်နေသည်။

ရှမ်းကုံးချင်းက အံကြိတ်လိုက်ပြီး....



'ကျွန်မတို့ကို တားဆီးလို့ရမယ်မှထင်ပါနဲ့ရှင်'

ဟု ပြောလိုက်လေသည်။

သူတော်က ခေါင်းခါယမ်းလိုက်သည်။

'စိတ်ချ၊ ကျုပ်က ဟန့်တားမှာမဟုတ်ပါဘူး'

ဟု ပြောလာလေသည်။

သူ၏နှုတ်ခမ်းစောင်းမှလည်း သွေး များ စီး ကျ လာလေ သည်။

သူ၏စကားကြောင့် ရှမ်းကုံးချင်း ကြောင်အမ်းအမ်းဖြစ် နေစဉ်မှာပင် သူတော်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး လျှင်....

'ဝုန်း'

မြေပေါ်လဲကျသွားလေတော့သည်။

* * *

## ဆူးတောထဲသို့

သူတော်သည် မြေပေါ်လဲကျနေပြီဖြစ်လေသည်။

ရှမ်းကုံးချင်း ကြောင်အမ်းအမ်းဖြစ်နေသည်။

သူတော်အား မယုံကြည်နိုင်စွာ ကြည့်နေမိလေသည်။

သူတော်ကား တုတ်တုတ်မျှမလှုပ်တော့ချေ။

ရှမ်းကုံးချင်းသည် အတန်ကြာအောင် ကြည့်နေပြီးမှ မေဟွားဘက်သို့ လှည့်လိုက်လေသည်။

မေဟွားက မြေပေါ်ထိုင်ချကာ အတွင်းအားဖော်ထုတ်ရင်း ရရှိလိုက်သောအတွင်းဒဏ်ဝေဒနာအား ကုစားနေသည်ကို တွေ့ရလေသည်။

‘ဒေါ်လေး’

ရှမ်းကုံးချင်းသည် မေဟွားအနီးသို့ ပြေးသွားလိုက်သည်။

မေဟွား၏နောက်ကျော၌ထိုင်ချကာ လက်ဝါးနှစ်ဖက်ဖြင့် မေဟွား၏ကျောပြင်ကို ကပ်ထားလိုက်သည်။

တစ်ဖန် အတွင်းအားဖော်ထုတ်ကာ လက်ဝါးပြင်မှတစ်ဆင့် မေဟွား၏သွေးကြောများဆီသို့ အတွင်းအား ပို့ဆောင်ပေးလိုက်လေသည်။

ထိုအချိန်မှာပင်....

'ဟား....ဟား....ဟား....ဟား'

'ဟား....ဟား....ဟား....ဟား'

ရယ်မောသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းကုံးချင်းရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်၏။

ထိုအခါ....

လူနှစ်ယောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာအရပ်ပုပြီး ကျန်တစ်ယောက်က အရပ်ရှည်လေသည်။

မေဟွားလည်း ရယ်သံများကြောင့် မျက်လုံးပွင့်လာလေသည်။



ထိုလူနှစ်ယောက်ကိုတွေ့မြင်သွား၍ လျှင်....

'သခင်မလေး မြန်မြန်ပြေးပါ'

ဟု အလောတကြီးပြောလေသည်။

ရှမ်းကုံးချင်းက....

'ဒေါ်လေးကိုထားပြီး ကျွန်မ မပြေးဘူး'

ဟု ပြန်ပြောလိုက်သည်။

တစ်ဖန်....

သူသည် ထိုင်ရာမှထကာ ထိုလူနှစ်ယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

မေဟွား ဒဏ်ရာရထားချိန်၌ ရန်သူအား သူမကိုယ်တိုင် ရင်ဆိုင်ရမည်မဟုတ်ပါလား။

ထို့စဉ်....

'သခင်မလေး'

ကျယ်လောင်သောအော်ဟစ်ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းကုံးချင်း လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် ပြေးလွှားသွားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ရှမ်းကုံးချင်း ဝမ်းသာသွားလေတော့သည်။

'ဦးလေးအိုရန် မြန်မြန်လာပါ'

ဟု အော်ခေါ်လိုက်လေသည်။

ပြေးလွှားရောက်ရှိလာသူမှာ အိုရန်ကျုံးဖြစ်လေသည်။

အိုရန်ကျုံးက....

'သခင်မလေး နောက်ဆုတ်လိုက်ပါ'

ဟု ပြောလာလေသည်။

တစ်ဖန်....

မေဟွားကို စိုးရိမ်တကြီးခေါ်လိုက်လေသည်။

မေဟွားက လက်ကာပြလိုက်သည်။

'ကျွန်မအတွက် ဘာမှမပူပါနဲ့ရှင်'



အိုရန်ကျုံး မကျေမနပ်ဖြစ်သွားလေသည်။

'ညီမကို ဘယ်သူက တိုက်ခိုက်ခဲ့တာလဲ'

ဟု မေးလေသည်။

ထိုစဉ် အရပ်ပုသူက....

'မေဟွား၊ မင်းက တကယ့်ကိုပျော်စရာကောင်းတဲ့ဘဝကို ရောက်နေပြီး ကျုပ်တို့ကိုတောင် မေ့သွားပြီပေါ့နော်'

ဟု ပြောလေသည်။

အရပ်ရှည်သူက....

'ကျုပ်တို့ကတော့ ညီမလေးတစ်ယောက် ကောင်းစားနေတာကိုသိရလို့ ကျေနပ်ဝမ်းသာနေကြတာ၊ ညီမလေးကတော့ ကျုပ်တို့ကို ရန်သူလို သဘောထားပြီး သူတော်ကို တကယ်ပဲ တိုက်ခိုက်ခဲ့တာ ဝမ်းနည်းစရာ ကောင်းလိုက်တာ'

ဟု ပြောလေသည်။

မေဟွားက ဘာမှမပြောဘဲခေါင်းငုံ့ထားလိုက်လေသည်။

အရပ်ပုသူနှင့် အရပ်ရှည်သူမှာ လင်းနို့ရာဇာ၏ တပည့် ငါးယောက်အနက် အမှတ်စဉ်နှစ်နှင့် အမှတ်စဉ်သုံးအဆင့်ရှိသူများ ဖြစ်ကြလေသည်။

သူတို့၏စကား ကြားရသောအခါ မေဟွာ၊ ပိုပြီး စိတ်မကောင်း ဖြစ်သွားလေသည်။

အိုရန်ကျုံးက....

'မိန်းမရေ၊ ဘာမှဝမ်းနည်းစရာမလိုဘူး၊ သူတို့နဲ့တစ်ချိန်က ပတ်သက်ခဲ့ဘူးတာမှန်တယ်၊ ဒါပေမယ့် သူတို့ကလူကောင်းတွေမှမဟုတ်တာ၊ ဘာမှသံယောဇဉ်ထားစရာ မလိုတော့ဘူး'

ဟု အော်ပြောလိုက်လေသည်။

မေဟွာ၊ ပင့်သက်ရှိုက်လိုက်မိလေသည်။

အိုရန်ကျုံးက....

'မိန်းမရေ ပြီးခဲ့တာတွေကို အားလုံးမေ့ပစ်လိုက်တော့၊ တို့တစ်တွေဟာ ရှမ်းကုန်းပြင်ကိုရောက်ပြီးမှတော့ ဒုစရိုက်သမားတွေကို နှိမ်နင်းရမယ်လို့ ခံယူခဲ့ကြပြီး မဟုတ်လား၊ မကောင်းသူပယ်၊ ကောင်းသူကယ်မယ်လို့ သန္နိဋ္ဌာန်ချထားခဲ့ကြပြီးပြီ မဟုတ်လား'

ဟု ပြောပြန်သည်။

မေဟွာ၊ အံ့ကြိတ်လိုက်လေသည်။

အိုရန်ကျုံး၏စကားမှန်ကန်နေပြီး အတိတ်မှ ကိစ္စများကို မေ့ပစ်လိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။



ထိုစဉ် အမှတ်သုံးနှင့် အမှတ်လေးတို့ မကျေမနပ်ဖြင့် ရှေ့တိုး လာကြလေသည်။

အမှတ်သုံးက....

'အိုရန်ကျုံး၊ မင်းက မြှောက်ပင့်ပေးမနေနဲ့၊ သူတော်ခံလိုက်ရပြီးကတည်းက ကျုပ်တို့ကလဲ ခွင့်မလွှတ်တော့ဘူးဆိုတာ မှတ်ထားပါ'

အမှတ်လေးက....

'ကဲ... အိုရန်ကျုံး၊ မင်းရောက်လာတာနဲ့အတော်ပဲ၊ ကျုပ်တို့ တစ်ပွဲတစ်လမ်းစမ်းလိုက်ကြရအောင်'

ဟု စိန်ခေါ်လေသည်။

အိုရန်ကျုံး ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီလေ'

သူက ရှေ့ထွက်လိုက်ပြီး....

'ခင်ဗျားတို့နှစ်ယောက်စလုံး တစ်ခါတည်းသာ လာခဲ့ကြပါ'

အမှတ်သုံးနှင့်လေးက....

'မင်းက ဘာများတတ်နိုင်မှာမို့လဲ'

'သေဖို့သာ ပြင်ထား'

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြပြီး တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ကြလေသည်။

အိုရန်ကျုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

*  *  *

ယခုတစ်ကြိမ်....

အိုရန်ကျုံးသည် အမှတ်သုံးလေးတို့နှင့် နှစ်ယောက် တစ်ယောက် တိုက်ခိုက်လိုက်ကြခြင်းဖြစ်လေသည်။

တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

ရှမ်းကုံးချင်းသည် တိုက်ပွဲကိုကြည့်ရင်း အိုရန်ကျုံးအတွက် စိတ်ပူလာလေသည်။



သူမသည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ....

'ရှင်တို့ နှစ်ယောက်တစ်ယောက် တိုက်ခိုက်နေတာမတရားဘူး၊ ကျွန်မလဲရှိသေးတယ်ဆိုတာ မှတ်ထားပါ'

သူမသည် တိုက်ပွဲအတွင်းသို့ ခုန်ဝင် တိုက်ခိုက်လိုက်လေတော့သည်။

ရှမ်းကုံးချင်းသည် ငယ်ရွယ်သူတစ်ယောက်ဖြစ်လေသည်။

သို့သော်...

သူမသည် ရှမ်းကုံးခြံဝင်းမှ သခင်မလေး တစ်ယောက်ဖြစ်သည့်အားလျော်စွာ သူမ၏သိုင်းပညာသည် ထိပ်သီးသိုင်းသမားတစ်ယောက်ကဲ့သို့ ထူးချွန်ထက်မြက်နေပါတော့သည်။

အိုရန်ကျုံးနှင့် လက်တွဲတိုက်ခိုက်လိုက်သောအခါ သူတို့၏တိုက်ခိုက်မှုမှာ ပြင်းထန်နေပြီး၊ အမှတ်သုံးနှင့် လေးတို့အားကောင်းစွာ ယှဉ်ပြိုင်နိုင်ခဲ့လေတော့သည်။

မည်သို့ဆိုစေ....

သူတို့၏တိုက်ပွဲမှာ မည်သူကအသာရမည် ဝေခွဲမရနိုင်ဘဲ လက်ရည်ညီမျှနေသည်ဟု ဆိုနိုင်ပါတော့သည်။

ထိုအချိန်မှာပင်....

'ယား'

မေဟွားသည် ဇွဲရှိသမျှ အင်အားကို ဖျစ်ညှစ်ထုတ်ကာ တိုက်ပွဲအတွင်းသို့ခုန်ဝင်လာလေသည်။

ဤတွင် တိုက်ပွဲအခြေအနေမှာ တစ်မျိုး ပြောင်းလဲသွား လေတော့သည်။

တစ်ခဏအတွင်းမှာပင်....

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေ တော့သည်။

* * *



သူတော်က မြေပေါ် လဲကျနေသည်။

သူတော်နှင့်ခလုမ်းမကမ်းတွင် အမှတ်သုံးနှင့်လေးတို့လည်း လဲကျသွားကြလေသည်။

လူဆိုးထိပ်သီး လင်းနို့ရာဇာ၏ တပည့်များ ယခုကဲ့သို့ ခံလိုက်ရမည်ဟု မည်သူကမှ ထင်မှတ်မိကြမည်မဟုတ်ပါချေ။

မေဟွားသည် တစ်ချိန်က လက်ပွန်းတတီး နေထိုင်ခဲ့ကြသော သူတော်၊ အမှတ်သုံးနှင့် အမှတ်လေးတို့၏ အကြောင်းကို ကောင်းစွာသိရှိထားသဖြင့် အနိုင် တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူတော်တို့ ခံလိုက်ရသကဲ့သို့ မေဟွားလည်း မသက်သာလှပါချေ။

သူမလည်း ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားလေတော့သည်။

အိုရန်ကျုံးက...

'သခင်မလေး၊ ကျုပ် သူ့ကို ဆေးကုဖို့ အမြန်ဆုံးခေါ်သွားမှဖြစ်မယ်၊ သခင်မလေး နောက်ကလိုက်ခဲ့ပါ'

စကားဆုံးလျှင် မေဟွားအား ပွေ့ချီကာ ပြေးထွက်သွားလေတော့သည်။

ရှမ်းကုံးချင်းက လိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

မလှမ်းမကမ်းတစ်နေရာမှ လူရိပ်တစ်ခုပြေးထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

ရှမ်းကုံးချင်း ရင်ထိတ်သွားသည်။

'ဘယ်သူလဲ'

သူမသည် သတိလက်လွတ်ဖြစ်ကာ ထိုလူနောက်သို့ ပြေးလိုက်သွားမိလေတော့သည်။

* * *

ထွက်ပြေးသွားသောလူရိပ်သည် ပျောက်ကွယ်သွားပြီးဖြစ်လေသည်။

ရှမ်းကုံးချင်း ပြေးလိုက်သွားရင်း ကျောက်တောင်ကြီးတစ်လုံးအနီးသို့ ရောက်ရှိသွားလေသည်။



ထိုကျောက်တောင်ကြီးအောက်ခြေ၌ လိုဏ်ဂူကြီးတစ်ခုရှိနေသည်ကို တွေ့မြင်ရလေသည်။

ရှမ်းကုံးချင်း အံ့သြသွားသည်။

ထိုလိုဏ်ဂူကြီးမှာ ကြီးမားကျယ်ဝန်းပြီး လူနေအိမ်တစ်ခုပမာ ပြုလုပ်ထားသည် မဟုတ်ပါလား။

ရှမ်းကုံးချင်းက သေသေချာချာကြည့်လိုက်မှ လူတစ်ယောက်က လိုဏ်ဂူရှေ့၌ရပ်ကာ သူမအားလက်ယပ်ခေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ရှမ်းကုံးချင်းက....

'ရှင်ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ထိုလူက....

'မိန်းကလေး မင်းသားလေးကိုတွေ့ချင်တယ်ဆိုရင် လိုဏ်ဂူထဲ ဝင်လာခဲ့ပါ'

ဟု ပြောလေသည်။

ရှမ်းကုံးချင်း ခုံပြင်းသွားလေသည်။

'လက်စသတ်တော့ အစ်ကိုယင်ကျော်းကိုဖမ်းဆီးထားတာ ရှင်တို့ကို သိကြသေးတာပေါ့'

ဟု ကြိမ်းဝါးကာ ပြောသွားလေသည်။

ထိုလူက....

'မင်းသားလေးဟာ လိုဏ်ဂူထဲမှာ ရှိနေပါတယ်၊ ကျုပ်ကို နိုင်အောင်တိုက်ခိုက်နိုင်မယ်ဆိုရင်တော့ မင်းသားလေးနဲ့တွေ့ခွင့်ရပါလိမ့်မယ်'

ဟု ပြောလေသည်။

ရှမ်းကုံးချင်း အံကြိတ်လိုက်သည်။

'သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လေသည်။

ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက်၏ တိုက်ပွဲသည် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာပြီး တစ်စထက်တစ်စ ပြင်းထန်လာလေတော့သည်။



ရှမ်းကုံးချင်းသည် တစ်ခဏအတွင်းမှာပင် နောက်ဆုတ်ပေးလိုက်ရလေသည်။

သူမ ယှဉ်ပြိုင်နေရသူမှာ ဝါရင့်သိုင်းသမားတစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။

ထိုရွှေရောင်ဝတ်ထားသူသည် လင်းနို့သခင်၏ တပည့်အကြီးဆုံး အမှတ်တစ် ဖြစ်လေသည်။

အမှတ်တစ်သည် ရှမ်းကုံးချင်းအား ဖိ၍တိုက်ခိုက်ရင်း လက်ရဖမ်းဆီးရန် ကြံရွယ်နေသည်။

ရှမ်းကုံးချင်းအား ယွန်းကြောပိတ်ဆို့ဖို့ကြိုးစားနေခြင်းဖြစ်ပါတော့သည်။

ထိုအချက်ကို ရှမ်းကုံးချင်း တစ်စထက်တစ်စ ရိပ်မိလာသည်။

သူမသည် ထိုအချက်ကိုအခွင့်ကောင်းယူရန် ဆုံးဖြတ်လိုက်လေသည်။

တိုက်ခိုက်နေရာမှ ဒရောသောပါး နောက်ဆုတ်လိုက်၏။

အမှတ်တစ်က....

'မင်းဘယ်ပြေးမလဲ'

ဟု အော်ငေါက်ကာ ပြေးလိုက်လာ၏။

ရှမ်းကုံးချင်းက ထွက်ပြေးခြင်းမပြုပါချေ။

သူမသည် ခြေလှမ်းရပ်လိုက်သည်။

ရှုတ်တရက် ရှေ့သို့ပြန်တိုးလိုက်ပြီး လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်တိုက်ခိုက်လိုက်သလို ကျန်လက်ဝါးတစ်ဖက်က အသင့်ဆုပ်ကိုင်ထားသော လက်နက်ပုန်းလေးများဖြင့် တိုက်ခိုက်လိုက်လေသည်။

အမှတ်တစ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ရှမ်းကုံးချင်းသည် တိုက်ကွက်ကို လျှပ်တစ်ပြက်ပြောင်းကာ ယခုလိုပြန်လည်တိုက်ခိုက်လာနိုင်လိမ့်မည်ဟု မထင်မိခဲ့ပါချေ။

ထို့ကြောင့်....

လက်ဝါးရိုက်ချက်ကို ရှောင်နိုင်လိုက်သော်လည်း လူချင်းနီးကပ်နေပြီဖြစ်၍ လက်နက်ပုန်းလေးများကိုတော့ မရှောင်နိုင်တော့ပါချေ။



လက်နက်ပုန်းလေးများ ထိမှန်သွားလျှင်....

‘အား’

စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

* * *

အမှတ်တစ် မြေပေါ်လဲကျသွားပြီဖြစ်လေသည်။

ရှမ်းကုံးချင်းသည် ကိုယ့်ကိုယ်ကို မယုံနိုင်အောင်ဖြစ်နေ၏။

သူမသည် အမှတ်တစ်ကဲ့သို့ဝါရင့်သိုင်းသမားတစ်ယောက်အား မည်သည့်နည်းနှင့်မျှ အနိုင်ရမည်မဟုတ်ဟု နားလည်ထားခဲ့လေသည်။

သူမသည် ပရိယာယ်ဆင်နိုင်ခဲ့ခြင်းကြောင့်သာ အနိုင်ရခဲ့ယင်းဖြစ်လေသည်။

ရှမ်းကုံးချင်း ကြာကြာဝမ်းမသာနိုင်ပါချေ။

ယင်ကျောင်းရှိသည့်နေရာကို သိနေရပြီမဟုတ်ပါလား။

ရှမ်းကုန်းချင်းသည် ချက်ချင်းပင် ကျောက်ဂူထဲသို့ ပြေးဝင်သွားလိုက်လေသည်။

ကျောက်ဂူအတွင်းသို့ ရောက်သွားသည်နှင့်....

'ဖလပ်... ဖလပ်'

အတောင်ပံခတ်သံများနှင့်အတူ လင်းနို့များပျံသန်းလာသည်ကို တွေ့လိုက်ရသေသည်။

'အမေ့'

ရှမ်းကုန်းချင်း ရင်ထိတ်သွားသည်။

သို့သော်....

အန္တရာယ်ကြုံရမှန်းသိလိုက်သည်နှင့် လက်နှစ်ဖက်ကို ဝေ့ယမ်းကာ မေမေ့ဟွားတင်ပေးခဲ့သော လက်နက်ပုန်းပညာဖြင့် လင်းနို့များအား ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

'ဝှစ်... ဝှစ်... ဝှစ်'

လက်နက်ပုန်းလေးများ တရစပ်ပစ်လွှင့်သွားလေသည်။



'ဖုတ်... ဖုတ်... ဖုတ်'

လင်းနို့များ တစ်ကောင်ပြီးတစ်ကောင် အောက်ပြုတ်ကျသွားလေတော့သည်။

ရှမ်းကုန်းချင်း ဝမ်းသာသွားလေသည်။

ထိုစဉ်....

'သခင်မလေး အယ်ဆိုးလို့လဲ'

ကျောက်ဂူအတွင်းပိုင်းမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းကုန်းချင်းလှမ်းကြည့်လိုက်ရာ မီးရောင်များထွက်ပေါ်လာပြီး အဘိုးအိုတစ်ယောက်က ခလုပ်မယှက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုမျှမကသေး။

ကျောက်ဂူနံရံတွင် ခြောက်များကိုသံကြိုးချည်ကာ မှန်းဆီခြင်းခံထားရသော ယင်ကျောင်းကိုပါ တွေ့လိုက်ရလေသည်။

'အစ်ကို'

ရှမ်းကုန်းချင်း ပြေးသွားရန်ဟန်ပြင်လိုက်လေသည်။

ယင်ကျောင်းသည်လည်း ရှမ်းကုံးချင်းအား တွေ့မြင်သွားပြီး....

'ညီမ'

ဝမ်းသာအားရဖြစ်သွားလေသည်။

ထိုစဉ်....

'ရပ်လိုက်စမ်း'

အဘိုးအိုက အော်ငေါက်လိုက်လေသည်။

ထိုအဘိုးအိုမှာ လင်းနို့သခင်ဖြစ်လေသည်။

ရှမ်းကုံးချင်းသည် သိုင်းလောက၏နာမည်အကြီးဆုံး လူဆိုးကြီးတစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်နေရသည်ကိုပင် မေ့လျော့သွားတော့သည်။

သူမသည် ယင်ကျောင်းအား တွေ့မြင်လိုက်ရပြီမဟုတ်ပါလား။

'လူယုတ်မာကြီး၊ ရှင်က အစ်ကိုယင်ကျောင်းကိုဖမ်းထားတယ်၊ သိကြသေးတာပေါ့'



ဟု ကြုံးဝါးကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လင်းနို့သခင်က....

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ဟု ပြောရင်း လက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဒုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရှမ်းကုံးချင်း ဒယီးဒယိုင်ဖြစ်ပြီး နောက်ဆုတ်သွားရတော့သည်။

'ဟား....ဟား....ဟား'

လင်းနို့သခင်က ဟားတိုက်ရယ်မောလိုက်လေသည်။

'သခင်မလေး၊ မင်းဘာတတ်နိုင်သေးသလဲ'

ဟု ကြုံးဝါးလိုက်လေသည်။

တစ်ဖန်....

'ကျုပ်က မင်းသားလေးယင်ကျင်းကို ဘာကြောင့် ဖမ်းဆီးခဲ့ရသလဲဆိုတာရော မင်းသိသလား'

ဟု မေးလာလေသည်။

ရှမ်းကုံးချင်းက ဘာမှမပြောဘဲနေလိုက်လေသည်။

လင်းနို့သခင်က....

'ကျုပ်ဟာ ဓငီကျန်နယ်ရဲ့အရေးကိစ္စကို စိတ်မဝင်စားဘူး၊ ကျုပ်တကယ်တမ်းစိတ်ဝင်စားတာက ရှမ်းကုံးခြံဝင်းပဲ'

'ဘာရှိ့'

'မင်းတို့ ရှမ်းကုံးခြံဝင်းဟာ အဖြူရောင်သိုင်းသမားတွေရဲ့ ရွှေဆောင်လမ်းပြပဲ၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့နေရာမှာ ရွှေဆုံးက ပါဝင်ဆောင်ရွက်နေတာပဲ မဟုတ်လား'

ရှမ်းကုံးချင်းက....

'ဒါကို သိုင်းလောကသားတစ်ခုလုံး သိကြတာပဲရှင့်'



လင်းနို့သခင်က....

'ကျုပ်တို့ အနက်ရောင်သိုင်းသမားတွေအတွက်ကော့ မင်းတို့ရဲ့ရှမ်းကုံးခြံဝင်းဟာ အကြီးမားဆုံး အနှောင့်အယှက်ကြီးတစ်ခုဖြစ်နေတယ်ဆိုတာကို မင်းတို့သိထားသင့်တယ်'

ရှမ်းကုံးချင်းက....

'လက်စသတ်တော့ ရှင်ဟာ သိုင်းလောကမှာ နှစ်ပေါင်းများစွာ ဇာတ်မြှုပ်နေခဲ့တာဟာ သိုင်းလောကကိုဖျက်ဆီးဖို့ ကြိတ်ပြီးကြံစည်နေတာကိုး'

လင်းနို့သခင်က....

'ဟုတ်တယ်၊ မင်းသားလေး ယင်ကျင်ရဲ့ကိစ္စပေါ်လာပြီး မင်းနဲ့ပတ်သက်နေတယ်ဆိုတာလဲ သိလိုက်ရတော့ ကျုပ်က ဒီကိစ္စကိုအသုံးချပြီး ရှမ်းကုံးခြံဝင်းကို ဆုံးမဖို့စီစဉ်ခဲ့တာပဲ'

ရှမ်းကုံးချင်းက....

'ရှင့်ရဲ့အဓိကရည်ရွယ်ချက်ဟာ ကျွန်မပေါ့ ဟုတ်လား'

လင်းနို့သခင် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ မှင်းကိုလိုချင်လို့ ယင်ကျောင်းကို ဖမ်းဆီးထား ခဲ့ရတာပဲ၊ ဒါ့အပြင် မေဟွားကိုလဲ ကျုပ် ဆုံးဖြတ်သေး တယ်'

'ရှင်....ရှင်'

လင်းနို့သခင်က....

'ခုတော့ မင်းတို့ ဘာမှမတတ်နိုင်တော့ပါဘူး'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းက....

'ဘာကြောင့်မတတ်နိုင်ရမှာလဲ'

စကားဆုံးလျှင် တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက် လေသည်။

လင်းနို့သခင်က....

'သွားစမ်း'

ဟု ဟောက်လိုက်သည်။

သူက လက်ဝှေ့ယမ်းလိုက်သောအခါ....



'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရှမ်းကုံးချင်းမှာ အဝေးသို့ လွင့်စဉ်သွားလေသည်။

သို့သော်....

သူမသည် လဲကျသွားရာမှ လူးလိမ့်ထကာ....

'ယား'

ဩသံပေးပြီး ပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။

'ဟား....ဟား....ဟား'

လင်းနို့သခင်က ရယ်မောလိုက်လေသည်။

'မင်း ထပ်ကြိုးစားပါဦး'

ဟု ပြောလေသည်။

ရှမ်းကုံးချင်းက နတ်ခမ်းထောင့်မှစီးကျလာသော သွေး များကို သုတ်ပစ်လိုက်ပြီး....

'သတိသာထားပေတော့'

ဟု ကြုံးဝါးကာ ပြေးဝင် တိုက်ခိုက်ထိုက်ပြန်လေသည်။

လင်းနို့သခင်က ဟားတိုက်ရယ်မောနေသည်။

ယခုတစ်ကြိမ်....

သူက ရှမ်းကုံးချင်းအား သွေးကြောပိတ်ကာ ဖမ်းဆီးထားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဝုန်း'

'ခြွမ်း....ခြွမ်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

လင်းနို့သခင်ရော ရှမ်းကုံးချင်းပါ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ...

ကျောက်ဂူနံရံတွင် သံကြိုးများဖြင့် ချည်နှောင်ခြင်းခံနေရသော မင်းသားလေးယင်ကျော်မှာ အားကုန် ရုန်းထွက်လိုက်သည်ကို တွေ့လိုက်ရလေသည်။



ရှမ်းကုံးချင်း ဝမ်းသာသွားလေသည်။

'အစ်ကို'

ဟု ခေါ်လိုက်လေသည်။

လင်းနို့သခင်က....

'မင်း....'

မယုံကြည်နိုင်စွာဖြင့် လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ယင်ကျော်သည် လင်းနို့သခင်က ရှမ်းကုံးချင်းအား တိုက်ခိုက်ခဲ့သည်ကို မကျေမနပ်ဖြစ်နေလေသည်။

ယင်ကျော်သည်....

'ယား'

ဩသံပေးကာ လင်းနို့သခင်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

လင်းနို့သခင် ထိတ်လန့်သွားလေသည်။

အကြောင်းကား....

ယင်ကျင်း၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေသည်မဟုတ်ပါလား။

ယင်ကျင်းက လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သောအခါ....

'ဝှီး....ဝှီး... ဝှီး'

သူ၏လက်တွင် တစ်ပိုင်းတစ်စဖြစ်နေသော သံကြိုးအပိုင်းအစသည် တဝီဝီမြည်ကာ ရိုက်ချလာလေတော့သည်။

လင်းနို့သခင် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

သို့သော်....

မထင်မှတ်သော ဖြစ်ရပ်နှင့် ရင်ဆိုင်လိုက်ရသဖြင့် မရှောင်နိုင်အောင်ဖြစ်သွား၏။

လင်းနို့သခင်သည် ရှောင်မလွှတ်တော့မှန်းသိလျှင် လက်နက်ပုန်းကိုအသုံးပြုရန်လည်း အချိန်မရတော့သဖြင့်....



'ယား'

ဗြောသံပေးကာ လက်နှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

'ဝုန်း'

'အား'

စူးရှ ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လင်းနို့သခင်မှာ တစ်ကိုယ်လုံး ကျုံးပဲ့ ကြွေမွကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ယင်ကျင်းသည် အိုရန်ကျုံး ဖော်စပ်ခဲ့သည့် အနီရောင်ဆေးလုံးကို သောက်ခဲ့ရသဖြင့် အတွင်းအားများ ကြောက်ခမန်းလိလိ တိုးတက်နေကာ လင်းနို့သခင်အား အနိုင်ယူနိုင်လိုက်ခြင်း ဖြစ်ပေတော့သည်။

'အစ်ကို'

'ညီမ'

ကွဲကွာနေသောချစ်သူနှစ်ဦးမှာ ပြန်လည်ဆုံတွေ့မိလိုက်ကြလေသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ထွေးပွေ့ထားလိုက်ကြလေတော့သည်။

* * *

ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့ ပြန်လည် ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေသည်။

သူတို့ ကျောက်ဂူ အပြင်ဘက်သို့ ထွက်လိုက်ကြသောအခါ...

'မင်းသားလေး'

'မြေးလေး'

ဝမ်းသာအားရ ခေါ်သံများနှင့်အတူ ပြေးလွှားလာနေကြသော လူတစ်စုကို တွေ့လိုက်ရလေသည်။



ထိုလူစုတွင် ရှမ်းကုံးသခင်နှင့် စင်ကျန်နယ်မှလူများ ပါဝင်နေကြလေသည်။

ယင်ကျင်းနှင့် ရှမ်းကုံးချင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

မကြာမီ...

သူတို့၏ဘဝ သာယာလှပတော့မည်ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်ကြလေတော့သည်။

( ပြီးပါပြီ )